ကေတုပဋ္ဌာစာစဉ်(၁၇)

# မိဘမေတ္တာ မိဘကျေးဇူး




အရှင်ကုဏ္ဍလာဘိဝံသ
မှန်ကင်းပဋ္ဌာနတာရုံ



သာသနာနှစ် - ၂၅၅၅ မြန်မာသက္ကရာဇ် - ၁၃၇၃ ခရစ်နှစ် - ၂၀၁၁

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

အလှူတကာ အလှူတွင် တရားအလှူသည် အမြတ်ဆုံး

သို့

-----------------------

-----------------------

မှ

-----------------------

-----------------------၏

အမှတ်တရ ဓမ္မဒါန လက်ဆောင်မွန်

# မိဘမေတ္တာ ၊ မိဘကျေးဇူး

အရှင်ဣန္ဒကာဘိဝံသ
မန္တလေးပဉ္စောဘာရုံ

အမှတ် ၂၇၅၅၃ ပုံနှိပ်မှတ်တမ်း

ရက်စွဲ ၁၇၊၂၀၁၁

စိစစ်သူ

အရှင်ဇာဂရိန္ဒိကာဘိဝံသ

ပုံနှိပ်ဆိုင်ရာကျောင်းတာရုံ၊ မန္တလေး။

ထုတ်ဝေခြင်း

၂၀၁၁ - ခု၊ ဇွန်လ

အုပ်ရေ = ၁၀၀၀၊ တန်ဖိုး =ဓမ္မဒါန

မျက်နှာဖုံး နှင့် အတွင်းစာသားပုံနှိပ်သူ

ဦးတင်ဝင်းနိုင် ( မြဲ - ၀၇၂၄၉)

ပြည့်စုံအောင် အော့ဖ်ဆက်

အမှတ်(A-3)၊မီးရထားတိုက်ခန်း

၃၅လမ်း၊ ၈၈ × ၈၉လမ်းကြား၊ မန္တလေးမြို့။

၀၉ - ၆၈၁၉၃၆၉ ☎ ၀၂ - ၂၁၈၄၀

စာအုပ်ချုပ်

ဒေါ်ချိုချိုမြင့်၊ ချိုချိုမြင့် စာပေ

၃၅ လမ်း၊ ၈၈ × ၈၉ လမ်းကြား၊မန္တလေးမြို့။

09 - 6819369 ☎ 02 - 21840

စာအုပ် (၁၀၀၀)ဓမ္မဒါနကုသိုလ်ရှင်

ပဋ္ဌာတာရုံကျောင်းတိုက်၊ ပဓာနနာယကဆရာတော်

အရှင်ကုဏ္ဍိကာဘိဝံသအား အမှူးထား၍

မန္တလေးမြို့၊ ၃၅ လမ်း၊ ၈၈ × ၈၉လမ်းကြားနေ

**ဦးတင်ဝင်းနိုင်+ဒေါ်ချိုချိုမြင့်**

သမီး–ဖြူစင်မြင့်၊ အိန္ဒြာမြင့်၊ ထက်ထက်အောင်

ပြည့်စုံအောင်အောဖ်ဆက်နှင့်ရှိုရှိုမြင့်စာပေ

မိသားစု၊ ကောင်းမှု၊

၁။ အဖွင့်ကဗျာ မိဘဂုဏ်ရည်

၂။ မိဘပြုစုရကျိုး

၃။ မိဘဂုဏ်ရည်(၁)

၄။ မိဘဂုဏ်ရည်(၂)

၅။ မိဘဂုဏ်ရည်(၃)

၆။ မိဘဂုဏ်ရည်(၄)

၇။ မိဘများကို ရှိခိုးပါ

၈။ မိဘများအား ပြုစုပါ

၉။ မိဘကျေးဇူး

၁၀။ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင်
မိဘကျေးဇူးဆပ်တရား ဟောကြားတော်မူခြင်း

၁၁။ အရှင်သာရိပုတ္တရာ မယ်တော်ကျေးဇူးဆပ်ခြင်း

# မိတ်ဆက်လွှာ

၂၁-၂-၂၀၁၁-နေ့က ဖြစ်သည်။ ပြည့်စုံအောင် အောင့်ဖ်ဆက် နှင့်ချိုချိုမြင့်စာပေတိုက်ပိုင်ရှင် ဦးတင်ဝင်း နိုင်သည် မိမိအပ်နှံ ထားသော စာအုပ်များကို လာပို့ သည်။ သူက မိမိကို အခုလို လျှောက်ထားသည်။

"အရှင်ဘုရား! တပည့်တော်ရဲ့မိဘများဆုံးသွား ကြတာ အနှစ် နှစ်ဆယ်ကျော်သွားပါပြီ။ နောင်မျိုးဆက် သစ်ရင်သွေးငယ်များ မိခင်ဖခင်တို့ကျေးဇူးတရားများ သိရှိနားလည်နိုင်ကြစေရန်နှင့် လာမည့်တပေါင်းလတွင် ကြရောက်မည့်တပည့်တော်၏မွေးနေ့အထိမ်းအမှတ်အ ဖြစ် မိဘများဂုဏ်ကျေးဇူးကို သတိရကျေးဇူးဆပ်သော အနေဖြင့် မိဘကျေးဇူးစာအုပ်လေး ဓမ္မဒါနပြုချင်လို့ပါ ဘုရား။ မိဘကျေးဇူးနှင့်စပ်သော စာစုလေးတွေ ရေး သားပေးပါဦး ဘုရား"ဟု လျှောက်ထားပါသည်။

ဒီခေတ်မှာ မျိုးဆက်သစ် လူငယ်မောင်မယ်များ မိဘကျေးဇူး အထူးသိဖို့ရာ ပညာရှင် စေတနာရှင်များ က "အမေ့နေ့ အဖေ့နေ့" ( ပြာသိုလ်လပြည့်နေ့မှာ

အမေ့နေ့၊ တပေါင်းလပြည့်နေ့မှာ အဖေနေ့) များကို ပြုလုပ်ကျင်းပကြပါသည်။

ဓမ္မကထိကဆရာတော်များကလည်း မိဘကျေးဇူးနှင့်စပ်သောတရားများကို ဟောကြားချီးမြှင့်ကြသည်။ စာပေပညာရှင်အနုပညာရှင်များကလည်းမိဘဂုဏ်ရည်တို့ကို ဖွဲ့သီကြသည်။ ချီးကျူးဖွင့်ဆိုကြသည်။ ဟောပြောကြသည်။

ယခု မိမိကလည်း ဦးတင်ဝင်းနိုင်၏ လျှောက်ထားချက်အရ ပိဋကတ်တော်လာ မိဘဂုဏ်ရည် မိဘကျေးဇူးတို့နှင့်စပ်သော စာစုများကို ကေတုပဗ္ဗောစာစဉ် (၁၇)အဖြစ် စာရှုသူလက်သို့ တင်ဆက်လိုက်ပါသည်။

ချမ်းသာကြပါစေ

**အရှင်ဏ္ဍိကာဘိဝံသ**
မန္တလေးပဗ္ဗောတာရုံ
(၂၅-၂-၂၀၁၁)

## မိဘဂုဏ်ရည်

၁။ မိဘဆိုတာပြဟ္မာပမာ မြတ်စွာဗုဒ္ဓဟောခဲ့သည်။
၂။ မိဘဆိုတာလက်ဦးဆရာ မြတ်စွာဗုဒ္ဓဟောခဲ့သည်။
၃။ မိဘဆိုတာ အာဟုနေယျာ မြတ်စွာဗုဒ္ဓဟောခဲ့သည်။
၄။ မိဘဆိုတာ အိမ်ဦးနတ်ပါ မြတ်စွာဗုဒ္ဓဟောခဲ့သည်။

## မိဘပြုစုရကျိုး

မိဘနှစ်ပါး ၊ ပြုစုငြားက
ယှဉ်ဘဝပင် ၊ ပညာရှင်များ
ချီးမွမ်းစကား ၊ ပြောကြားကြ၏။

လူ့ဘဝမှ ၊ စုတေရသော်
ဒေဝဌာနေ ၊ နတ်တို့ပြေသို့
မသွေမုချ ၊ ရောက်ကြရ၏။

ထိုမှတလီ ၊ ပါရမီပုည
ပြည့်ဝလေသော် ၊ နိဗ္ဗာန်မုချ
ဝင်စံရသည် ၊ မိဘပြုစုရကျိုးတည်း---။

# မိဘဂုဏ်ရည်(၁)

လူနတ်ပြဟ္မာ သတ္တဝါတို့၏ ကိုးကွယ်ရာ အားထားရာ ပူဇော်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် မိမိကိုယ်တော်တိုင်လည်း ကျေးဇူးရှင်မိဘတို့၏ အဆုံးအပိုင်းအခြားမရှိသော နှိုင်းယှဉ်တိုင်းတာ၍မရသော ဂုဏ်ရည်တို့ကို သဗ္ဗညုတဉာဏ် (သိစရာမှန်သမျှ တရားအားလုံးကို အကုန်အစဉ် သိမြင်သောဉာဏ်)တော်ဖြင့် အလုံးစုံအကုန်အစင်သိမြင်တော်မူသည်။ ကိုယ်တော်၏ တပည့်သာဝကဖြစ်ကြသော ရဟန်း, ရဟန်းမ, ဥပါသကာ ဒါယကာ, ဥပါသိကာမ ဒါယိကာမတို့အားလည်း မိမိတို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့၏ အဆုံးအပိုင်းအခြားမရှိသော နှိုင်းယှဉ်တိုင်းတာ၍မရသောဂုဏ်ရည်တို့ကိုလည်းအခါအားလျော်စွာအကြောင်းအားလျော်စွာ နေရာဌာနတိုင်းမှာ ဟောတော်မူပါသည်။

ယခုတင်ပြမည့် မိဘဂုဏ်ရည်တို့ကိုကား မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး ဆောက်လုပ်လှူဒါန်းအပ်သော ရောက်လာသူတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေနိုင်သော အေးချမ်းမှု ငြိမ်းအေးမှု

သန္တရသကို ပေးစွမ်းနိုင်သော နှလုံးမွေ့လျော် ပျော်ဖွယ် ရာကောင်းသော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဟောတော်မူထားပါသည်။

## "မိဘဆိုသည်မှာ ဗြဟ္မာ"

"အကြင် သားလိမ္မာ, သမီးအလိမ္မာတို့သည် မိမိ တို့၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ဖခင်တို့ကို အိမ်မှာ စေတနာထက်သန်စွာ သဒ္ဓါကြည်ဖြူစွာ ပြုစုကြသည် ယုယကြသည် လုပ်ကျွေးကြသည် ပူဇော်ကြသည်။အနန္တ ဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ဖခင်တို့ကို စေတနာထက်သန် စွာ သဒ္ဓါကြည်ဖြူစွာ ပြုစုယုယ လုပ်ကျွေးပူဇော်ကြသော ထိုသားလိမ္မာ သမီးအလိမ္မာတို့သည် ဗြဟ္မာကြီးတွေနှင့် အတူတကွနေသည်မည်ကြ၏။ ဗြဟ္မာကြီးတွေနှင့် အတူ တူ နေရသည်မည်၏"ဟု မြတ်စွာဘုရား ဟောတော်မူ ထားပါသည်။ မှန်ပါသည်။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့ကို ဗြဟ္မာကြီးတို့ဟူ၍ ဂဏ်ဝါဒ္ဓူ သဲစုမက ပွင့်တော်မူကြသည့် ဘုရားအဆူဆူတို့နှင့် သူတော်ကောင်း အပေါင်းတို့က မိန့်ဆိုတော်မူကြပါသည်။

## အမြဲထားဝရ ပြည့်နေကြ

အထက်ပြဗ္ဟာ့ဘုံ၌နေကြသောဈာန်ရကြသော ပြဗ္ဟာကြီးတို့သည် သတ္တဝါတို့အပေါ်၌ မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာဟုဆိုအပ်သော ပြဗ္ဟဝိဟာရတရား လေးပါး ပြဗ္ဟစိုရ်တရားလေးပါး အမြဲထာဝရ ထားကြ သည်၊ အစဉ်ထာဝရထားကြသည်၊ ထိုပြဗ္ဟာကြီးတို့ကဲ့ သို့ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ဖခင်တို့သည် သား ရတနာ သမီးရတနာတို့အပေါ်၌ မေတ္တာတရား ကရုဏာတရား မုဒိတာတရား ဥပေက္ခာတရား အမြဲ ထာဝရ ထားကြသည်။

မိခင် ဖခင်တို့၏ နှလုံးသားဝယ် မေတ္တာအပြည့် ကရုဏာအပြည့် မုဒိတာအပြည့် ဥပေက္ခာအပြည့်အစဉ် ထာဝရ ပြည့်မြဲပြည့်နေကြသည်။ မေတ္တာအစရှိသော တရားများ မိခင်ဖခင်တို့၏ ရင်ဝယ် နှလုံးသားဝယ် အခါ ခပ်သိမ်း ပြည့်လျှံနေကြသည်။ထို့ကြောင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင် ဖခင်တို့သည် သားရတနာ သမီး ရတနာတို့၏ ပြဗ္ဟာကြီးတွေ ဖြစ်ကြပါသည်။

## မေတ္တာစိတ်ဖြစ်ပုံ

အကျယ်ချဲ့ကာ ပြဆိုပါဦးမည်၊ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့သည် မိခင်၏ဝမ်း၌ သားငယ် သမီးငယ်တို့၏ သန္ဓေသားကို လွယ်ထားရသောအခါ ဝယ် "ငါတို့၏ သားငယ်လေး သမီးငယ်လေး ဘယ်နေ့ ဘယ်ရက် ဘယ်အချိန် ဘယ်အခါမှာ အနာရောဂါမရှိ ပကတိ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဖွားမြင် လာတာကို မြင်ရပါ့မလဲ၊ အင်္ဂါခြေလက်စုံလင်စွာ ပြည့်စုံ စွာ ဖွားမြင်လာတာကို မြင်ရပါ့မလဲ၊ ငါတို့၏ သားငယ် လေး သမီးငယ်လေးသည် အနာရောဂါမရှိ ပကတိ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ မွေးဖွား လာပါစေ၊ အင်္ဂါခြေလက်စုံလင်စွာ ပြည့်စုံစွာ မွေးဖွားလာပါစေ"ဟု မိခင်ဖခင်တို့အား သားငယ်သမီးငယ်တို့၏ မျက်နှာကို မမြင်ရခင် ဝမ်းနှင့်လွယ်ထားရသော အချိန်အခါမှာပင် မေတ္တာစိတ်များ ကောင်းကျိုးလိုလားသော ချစ်ခင်ကြင် နာသောစိတ်များ သားသမီးအပေါ်၌ တဖွားဖွား ဖြစ် ပေါ်နေကြပါသည်။

ဤပြဆိုခဲ့ပြီးသော စကားရပ်သည်ကား အနန္တ ဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ဖခင်တို့၏ သားငယ်, သမီး

ငယ်လေးတို့၏အပေါ်၌ ကောင်းကျိုးလိုလားသော မေတ္တာသက်ဝင်ချစ်ခင်သော မေတ္တာစိတ်ဖြစ်ပုံ အနည်းငယ်မျှပါ။

## ကရုဏာဖြစ်ပုံ

သားငယ်လေး သမီးငယ်လေး ဖွားမြင်ပြီး၍ ပက်လက်ကလေး အိပ်ရာထဲဝယ် ပုခက်ထဲဝယ် အိပ်နေစဉ် ခြင်ကိုက်၍ဖြစ်စေ သန်းကိုက်၍ဖြစ်စေ ကြမ်းပိုးကိုက်၍ဖြစ်စေ ပူလို့အိုက်လို့ဖြစ်စေ ချမ်းလို့ အေးလို့ဖြစ်စေ နာလို့ ကျင်လို့ဖြစ်စေ သားငယ် သမီးငယ်ကလေးက အငိုမစဲအောင် ငိုမြဲငိုနေသည်၊ ကြုံကြုံပါအောင် အော်ဟာစ်မည်တမ်းနေသည်၊ ထိုကဲ့သို့ သားငယ် သမီးငယ်လေးတို့၏ ငိုယိုမြည်တမ်းသော အသံကိုကြားရသော မိခင်ဖခင်တို့၏ နှလုံးသားဝယ်ရင်ထဲအသည်းထဲဝယ် သနားခြင်း ကရုဏာ ဖြစ်ရသည်။ လုပ်လက်စ လုပ်ငန်းကိစ္စများကိုခေတ္တခဏထား၍ အပြေးအလွှားသွားကာ ပါးစပ်ကလည်း **"ကျွတ်ကျွတ် ကျွတ်ကျွတ်"**ဟု အသံပြုလျက် သားငယ် သမီးငယ်ကိုပွေ့ချီကာ အငိုတိတ်အောင် ချော့မြူကြသည်။

ဤပြဆိုခဲ့ပြီးသောစကားရပ်သည်ကား အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိခင်ဖခင်တို့၏ သားငယ် သမီးငယ်လေးတို့၏အပေါ်၌ သနားခြင်း ကရုဏာဖြစ်ပုံ အမြွက်မျှပါ။

## မုဒိတာဖြစ်ပုံ

သားငယ်, သမီးငယ်လေးတို့ မတ်တပ်ရပ်နိုင်လောက်ရာအချိန်အခါ၌ မိခင်ဖခင်တို့သည် သားငယ်သမီးငယ်လေးကို မတ်တတ်ရပ်စေ၍ မိမိတို့၏လက်ဖြင့် သားငယ်သမီးငယ်လေး မလဲကျအောင် ထိမ်းကာ ထိမ်းကာ **'ရပ်နိုင်ပေ့ ရပ်နိုင်ပေ့'**ဟု ပြောလျှက် မတ်တတ်ရပ်ပုံ မတ်တတ်ရပ်နည်း သင်ပေးသောအခါ ဖြစ်စေ၊ သားငယ်သမီးငယ်လေးတို့၏ လက်ကိုဆွဲ၍ဆွဲ၍**"ဟေး ဟေး"**ဟု ပါးစပ်ကအားပေးလျှက် သင်ပေးသောအခါ၌ဖြစ်စေ၊ သားငယ် သမီးငယ်လေး ပြေးလွှား၍ဆော့နေကစားနေသောအခါ၌ဖြစ်စေ သားငယ် သမီးငယ်လေး အလှသွေးကြွယ် အရွယ်ရောက်၍လူလားမြောက်သောအခါ၌ဖြစ်စေ ဘာသာစုံဂုဏ်ထူးဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ပန်းကို ဆင်မြန်းနိုင်သောအခါ၌ဖြစ်စေ

တက္ကသိုလ်ပညာ သက်မွေးဝမ်းကြောင်းပညာ အစရှိသော ပညာရတနာတို့ဖြင့် ဆင်မြန်းနိုင်သော အခါ၌ဖြစ်စေ မိမိတို့၏ သားငယ်, သမီးငယ်တို့ကို ကြည့်၍ မိခင်ဖခင်တို့၏စိတ်သည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။

## ဝွမ်းဆီထိပမာ

ဥပမာဆောင် ထင်ရှားအောင်ပြပါဦးမည်။ ထောပတ်အကြည် ထောပတ်ဆီထဲ၌ထည့်ထားသော အကြိမ်တစ်ရာကြိတ်ထားသော အကြိမ်တစ်ရာဖတ်ထားသော ဝါဂွမ်းဆိုင်သည် အလွန်နူးညံ့သိမ်မွေ့သည်။ ထို့အတူပါ၊ ရင်နှစ်သည်းချာ သားရတနာ သမီးရတနာတို့ကိုကြည့်ကာ မိဘတို့၏ နှလုံးသားသည် အလွန်နူးညံ့နေသည်၊ အလွန်ကြည်နူးနေသည်၊ အလွန်ရွှင်လန်းနေသည် အလွန်ပျော်ရွှင်နေသည်၊ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်နေသည်။ ထို့ကြောင့်**'ဝမ်းသာပီတိ ဂွမ်းဆီထိပမာ'**ဟု ပြောကြဆိုကြသည်၊ ဤပြဆိုခဲ့ပြီးသော စကားရပ်သည်ကား အနန္တဂိုဏ်းဝင်ကျေးဇူးရှင်မိခင်ဖခင်တို့၏ သားငယ် သမီးငယ်တို့၏အပေါ်၌ ဝမ်းမြောက်ခြင်း ဝမ်းသာခြင်း မုဒိတာဖြစ်ပုံ အကျဉ်းမျှပါ။

## ဥပေက္ခာဖြစ်ပုံ

မိမိတို့၏ ရင်နှစ်သည်းချာ သားရတနာ သမီးရတနာသည် အိမ်ထောင်ရက်သားကျ၍ မင်္ဂလာဆောင်ပြီး၍ တစ်အိုးစီ တစ်အိမ်စီနေကြသည်။ အသီးသီး အိမ်ရာတည်ထောင် လူ့ဘောင် လူလောကအလယ်မှာ နေကြထိုင်ကြသည်။ သူ့အိုး သူ့အိမ်နှင့်နေကြထိုင်ကြသည်။ သူ့စီးပွား သူ့လုပ်ငန်း သူ့အသက်မွေးဝမ်းကြောင်း လုပ်ငန်းကိစ္စ အဝဝဖြင့်ပြုလုပ် ဆောင်ရွက်နေကြသည်။ သူ့ခြေထောက်ပေါ် ရပ်တည်ကာနေကြသည်။ သူ့လမ်းသူ လျှောက်နိုင်နေကြသည်။

ထိုအခါ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့အား "ယခုအခါ ငါတို့၏ သားသမီးသည် မိမိ၏သဘောဖြင့် မိမိ၏ အားအစွမ်းဖြင့် ဘဝမှာ လျှောက်လှမ်းနိုင်ပြီ၊ သူ့လမ်းသူ လျှောက်နိုင်ပြီ၊ ကိုယ်ခြေထောက်ပေါ် ရပ်တည်နိုင်ပြီ"ဟုစိတ်ဝယ်ထားကာ လျစ်လျူရှုနိုင်ကြသည်။ ဥပေက္ခာပြုနိုင်ကြသည်။ ဤပြဆိုခဲ့ပြီးသော စကားရပ်သည်ကား အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့၏ သားသမီးတို့၏အပေါ်၌ လျစ်လျူရှုခြင်း ဥပေက္ခာဖြစ်ပုံ တစ်စိတ်တစ်ဒေသမျှသာတည်း။

## ဖြဟ္မာကြီးတို့ဟု ခေါ်ရ

ယခု ပြဆိုခဲ့ပြီးသော စကားရပ်နှင့်အညီ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့သည် မိမိတို့၏ ရင်နှစ်သည်းခြာ သားရတနာ သမီးရတနာတို့၏ အပေါ်၌ ကောင်းကျိုးလိုလားခြင်း ချစ်ခင်ခြင်းမေတ္တာ၊ သနားခြင်း ကရုဏာ၊ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းမုဒိတာ၊ လျစ်လျူရှုခြင်းဥပေက္ခာ-ဟု ဆိုအပ်သော ဗြဟ္မဝိဟာရတရား လေးပါး ဗြဟ္မစိုရ်တရားလေးပါး အမြဲထားဝစဉ် ထားကြသောကြောင့် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့ကို သားသမီးတို့၏ ဗြဟ္မာကြီးတို့ဟူ၍ ခေါ်ဆိုရပါတော့သည်။

## မိဘဂုဏ်ရည်(၂)
### မိဘဆိုသည်မှာ လက်ဦးဆရာ

"အကြင် သားလိမ္မာ,သမီးအလိမ္မာတို့သည် မိမိတို့၏ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ဖခင်တို့ကို အိမ်မှာ စေတနာထက်သန်စွာ သဒ္ဓါကြည်ဖြူစွာ ပြုစုကြသည်။ ယုယကြသည်။ လုပ်ကျွေးကြသည်။ ပူဇော်ကြသည်။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့ကို စေတနာ

ထက်သန်စွာ သဒ္ဓါကြည်ဖြူစွာ ပြုစုကြသော ယုယကြသော လုပ်ကျွေးကြသော ပူဇော်ကြသော ထိုသားလိမ္မာ, သမီးအလိမ္မာတို့သည် လက်ဦးဆရာ ရှေးဦးဆရာတို့နှင့် အတူတကွ နေကြသည်"-ဟု မြတ်စွာဘုရား ဟောတော်မူထားပါသည်။ မှန်ပါသည်၊ အနန္တဂိုဏ်းဝင် မိခင်ဖခင်တို့ကို လက်ဦးဆရာ ရှေးဦးဆရာတို့ဟူ၍ ဂဂ်ါဝါဠူ သဲစုမက ပွင့်တော်မူကြသည့် ဘုရားအဆူဆူတို့နှင့် သူတော်ကောင်း အပေါင်းတို့က မိန့်ဆိုတော်မူကြပါသည်။

## လမ်းညွှန်သင်ပြ ဆုံးမကြ

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့သည် သားသမီးတို့ မွေးဖွားပြီးရာ သိနားလည်သည့် အချိန်အခါမှစ၍ သားသမီးတို့အား ဒီလိုထိုင်၊ ဒီပုံထိုင်၊ ဒီနည်းထိုင်-ဟု ထိုင်ပုံထိုင်နည်းကို သင်ပေးကြသည်၊ ဒီလို ရပ်၊ ဒီပုံ ရပ်၊ ဒီနည်း ရပ်-ဟု ရပ်ပုံရပ်နည်း၊ ဒီလို သွား၊ ဒီပုံ သွား၊ ဒီနည်း သွား၊ ဟို အရပ်မသွားရ၊ ဟိုနေရာ မသွားရစသည်ဖြင့် သွားပုံ သွားနည်း၊ ဒီလို အိပ်၊ ဒီပုံ အိပ်၊ ဒီနည်း အိပ်-ဟု အိပ်ပုံအိပ်နည်း-- ထိုနည်းအတူ စားပုံစားနည်း ဝတ်ပုံဝတ်နည်းကို သင်ပေးကြသည်။ သူ့ကို

ဦးလေးလို့ ခေါ်လိုက်၊ သူ့ကို အဒေါ်လို့ခေါ်လိုက်၊ သူ့ကို အကိုလို့ ခေါ်လိုက်၊ သူ့ကို အမလို့ခေါ်လိုက် အစရှိသည် ဖြင့် ခေါ်ပုံခေါ်နည်း ပြောဆိုပုံပြောဆိုနည်းကိုလည်း ကောင်း သင်ပေးကြသည်။ ဒီအမှုကိုမပြုနှင့်၊ ဒီအလုပ် ကို မလုပ်နှင့်၊ ဒီပုဂ္ဂိုလ်ကို မပေါင်းနှင့်၊ မဆက်ဆံနှင့် ဒီပုဂ္ဂိုလ်ကိုသာ ပေါင်းပါ။ ဆက်ဆံပါ။ အစရှိသည်ဖြင့် လည်း လမ်းညွှန်ကြသည်၊ သွန်သင်ပြသကြသည်၊ ဆုံးမ ကြသည်။

## နောက်မှဖြစ်လာသော ဆရာများ

ထိုမှနောက်ဝယ် မိဘတို့မှ အခြားသော ဆရာတို့ က မူကြိုပညာ၊ မူလတန်းပညာ၊ အလယ်တန်းပညာ၊ အထက်တန်းပညာ၊ တက္ကသိုလ်ပညာ၊ ဆင်အတတ်၊ မြင်းအတတ်၊ ရထားအတတ်စသော ရှေးရှေးအတတ် ပညာ ပန်းတိမ်အတတ် ပန်းချီအတတ် ပန်းပုအတတ် စက်မှုအတတ်ပညာ ရောင်းရေးဝယ်ရာ အတတ်ပညာ အစရှိသော အတတ်ပညာရပ် အသီးသီးတို့ကို သင်ပေး ကြသည်။

သာသနာတော်၌ ဆရာသမားက သရဏဂုံသုံး

ပါး ပေးသည်။ ငါးပါး,ရှစ်ပါးစသော သီလပေးသည်။ ရှင်ပြုပေးသည်၊ ရဟန်းခံပေးသည်။ ဘုရားစာပေ ဘုရားစကားတော်ကို သင်ပြပေးသည်။သင်ကြားပေးသည်။ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်အောင် ကမ္မဋ္ဌာန်းတရား ဟောကြားပြသ ဆုံးမပေးသည်။ ဤပြဆိုခဲ့ပြီးသော ဆရာတို့သည် **ပစ္ဆာစရိယ**--နောက်မှ ဖြစ်ပေါ်လာသောဆရာများ။ နောက်မှ လမ်းညွှန်သင်ပြပေးသော ဆရားများ ဖြစ်ကြသည်။

သို့ဖြစ်ရာ မိခင်ဖခင်တို့သည်သာ အလုံးစုံသော ဆရာတို့ထက် အရင်းဆုံးဆရာ ပဌမဆုံးဆရာ ရှေးဦးဆရာ လက်ဦးဆရာ ဖြစ်ကြပါသည်။

# မိဘဂုဏ်ရည်(၃)

## မိဘဆိုသည်မှာ အာဟုနေယျာ

"အကြင်သားလိမ္မာ,သမီးအလိမ္မာတို့သည် မိမိတို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိခင်ဖခင်တို့ကို အိမ်၌ စေတနာထက်သန်စွာ သဒ္ဓါကြည်ဖြူစွာ ပြုစုကြသည်၊ ယုယကြသည်၊ လုပ်ကျွေးကြသည်၊ ပူဇော်ကြသည်။

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်,ဖခင်တို့ကို

စေတနာထက်သန်စွာ သဒ္ဓါကြည်ဖြူစွာ ပြုစုယုယ လုပ်ကျွေးပူဇော်ကြသော ထိုသားလိမ္မာ သမီးလိမ္မာတို့သည် **အာဟုနေယျ**-အဝေးမှယူဆောင်လာ၍ မွန်မြတ်သော ပစ္စည်းဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်ဖို့ရန် ထိုက်တန်သော ဂုဏ်ရည်နှင့်ပြည့်စုံကြသော ပုဂ္ဂိုလ်မြတ်တို့နှင့် အတူတကွ နေကြသည်မည်၏”။

## အာဟုနေယျ ဂုဏ်တော်

သံဃာဂုဏ်တော်ကိုးပါးတို့တွင် **အာဟုနေယျော** ဟု ဂုဏ်တော်တစ်ပါး ပါဝင်သည်။ အရိယာသံဃာတော်တို့သည် အဝေးမှယူဆောင်လာသော မွန်မြတ်သော ပစ္စည်းဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်ဖို့ရန် ထိုက်တန်သောဂုဏ်ရည်နှင့်ပြည့်စုံတော်မူကြသလို, အာဟုနေယျ ဂုဏ်တော်ထိုက်သလို မိဘတို့သည်လည်း သားသမီးတို့၏ အာဟုနေယျဂုဏ်ရည်ထိုက်သော ပုဂ္ဂိုလ်မြတ်တို့ ဖြစ်ကြပါသည်။

မှန်ပါသည်၊ “အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့ကို သားသမီးတို့၏ အာဟုနေယျဂုဏ်ရည်ထိုက်သောပုဂ္ဂိုလ်မြတ်တို့”ဟူ၍ ဂင်္ဂါဝါဠူ သဲစုမက

ပွင့်တော်မူကြသော ဘုရားအစရှိသောအရိယာအပေါင်း သူတော်ကောင်းတို့သည် မိန့်ဆိုတော်မူကြပါသည်။

## မိဘဂုဏ်ရည်(၄)
## မိဘဆိုသည်မှာ အိမ်ဦးနတ်ပါ

အကြင် သားလိမ္မာသမီးအလိမ္မာတို့သည် မိမိတို့၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့ကို အိမ်၌ စေတနာထက်သန်စွာ သဒ္ဓါကြည်ဖြူစွာ ပြုစုကြသည်၊ ယုယကြသည်၊ လုပ်ကျွေးကြသည်၊ ပူဇော်ကြသည်၊ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိခင်ဖခင်တို့ကို စေတနာ ထက်သန်စွာ သဒ္ဓါကြည်ဖြူစွာ ပြုစုယုယ လုပ်ကျွေး ပူဇော်ကြသော ထိုသားလိမ္မာ သမီးအလိမ္မာတို့သည် အိမ်ဦးနတ်တို့နှင့် အတူတကွ နေကြသည်မည်၏။

မှန်ပါသည်၊ "အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့ကို သားသမီးတို့၏ အိမ်ဦးနတ်တို့"ဟူ၍ ဂင်္ဂါဝါဠူ သဲစုမက ပွင့်တော်မူကြသော ဘုရားအစရှိသော အရိယာအပေါင်း သူတော်ကောင်းတို့သည် မိန့်ဆိုတော်မူကြပါသည်။

## မိဘတို့ကို အမှီပြု၍သာ

မိဘတို့သည် သားသမီးတို့အား အလွန်ကျေးဇူးများကြသည်၊ သားသမီးတို့ကို အသက်ရှည်ရာ အနာမဲ့အောင် စောင့်ရှောက်ကြသည်၊ သားသမီးတို့၏ လက်, ခြေအစရှိသော ကိုယ်ခန္ဓာအစိတ်အပိုင်းတို့ကို တိုးပွားစေကြသည်။ ဟဒယလောဟိတခေါ် နှလုံးသွေးတည်းဟူသော နို့ချိုကို တိုက်ကျွေးကြသည်၊ မွေးမြူကြသည်၊ ဤလောကကို ပြကြသည်၊ မှန်ပါ၏၊ ဤလောက၌ သားသမီးတို့၏ ကောင်းကောင်းဆိုးဆိုး ဣဋ္ဌာရုံ အနိဋ္ဌာရုံ အမျိုးမျိုးကို တွေ့မြင်ရခြင်းသည် မိဘတို့ကို အမှီပြု၍ တွေ့ရမြင်ရခြင်းဖြစ်ပါ၏။

## ဘဝပေး အခြေအနေအရ

မိဘတို့သည် မိမိတို့၏ ရင်နှစ်သည်းခြား သားရတနာ သမီးရတနာတို့ကို ဘေးမသီ ရန်မခအောင် စောင့်ရှောက်ကြသည်၊ ဥပမာ--- ဘဝပေးအခြေအနေအရ မုဆိုး,တံငါအစရှိသော အလုပ်ကြမ်းလုပ်ကာ အသက်မွေးကြရသော မိဘတို့သည် သား,ငါး, တိရစ္ဆာန်တို့ကို သတ်ဖြတ်နေကြပါသော်လည်း မိမိတို့၏ သား

သမီး ကိုကား အသက်အိုးအိမ် စည်းစိမ်လုံခြုံအောင် ရန်အသွယ်သွယ် အန္တရာယ်အမျိုးမျိုးမှ ကင်းအောင် ကာကွယ်ပေးကြသည်၊ စောင့်ရှောက်ပေးကြသည်။

## မိဘများကို ရှိခိုးပါ

အထက်ပါ တင်ပြခဲ့ပြီးသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ဖခင်တို့၏ ဂုဏ်ရည်တို့ကို အာရုံပြု၍ သားသမီးတို့သည် အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ဖခင် တို့အား ရှိခိုးရပါမည်၊ ဦးချရပါမည်၊ သားသမီးတို့သည် နေ့စဉ်နေ့တိုင်း ညအိပ်ရာဝင်ခါနီးဝယ် ရှိခိုးကြရမည်၊ ဦးချကြရမည်။ စာသင်ကျောင်းသို့ သွားသောအခါ၊ အလုပ်ဌာနသို့ သွားသောအခါ၊ ရုံးသို့သွားသောအခါ၊ ဈေးရောင်းဈေးဝယ် သွားသောအခါ၊ ၎င်းအရပ်တို့မှ ပြန်လာသောအခါ၊ တစ်မြို့တစ်ရွာသို့ သွားခါနီးအချိန် အခါနှင့် တစ်မြို့တစ်ရွာမှ ပြန်လာရာအချိန်အခါ အစရှိ သော အချိန်အခါတို့၌ ကျေးဇူးရှင် မိခင်ဖခင်တို့အား မပျက်မကွက် ဝတ်မပျက် ရှိခိုးကြရပါမည်၊ ဦးချကြရ ပါမည်။

## ရည်းမှန်းကာ ရှိနိုးဦးချ

မြတ်ဗုဒ္ဓ၏ လက်ျာတော်ရံ အဂ္ဂသာဝကဖြစ်သော ပညာအရာတွင် အမြင့်ဆုံးဧတဒဂ်ဘွဲ့ထူး ရရှိတော်မူသော ရှင်သာရိပုတ္တရာမထေရ်သည် ရောက်လေရာရာ အရပ်တို့၌ မိမိ၏လက်ဦးဆရာ တရားဦးဆရာဖြစ်တော်မူသော ရှင်အဿဇိရှိရာ သိတင်းသုံးနေထိုင်ရာအရပ်ကို မှန်း၍ ရှိခိုးသကဲ့သို့ တစ်မြို့တစ်ရွာသို့ ရောက်သော အခါ နေရာအခါ၌လည်း ကျေးဇူးရှင် မိခင်ဖခင်တို့အား ရည်မှန်းကာ ရှိခိုးဦးချကြရပါမည်။

## ပိုမိုလေးနက်စေဖို့

ရှိခိုးပါဟူသောစကားရပ်နှင့်စပ်၍ ပိုမိုလေးနက်စေရန် မြတ်စွာဘုရား ဟောတော်မူထားသော မာဂဓဘာသာ ပါဠိဘာသာကို တင်ပြပါရစေ။ မြတ်ဗုဒ္ဓက "**တသ္မာ ဟိ နေ နမဿေယျ**"-ဟု ဟောတော်မူထားပါသည်။ ၎င်းကိုအနက်မြန်မာပြန်ဆိုရသော်- **တသ္မာ ဟိ၊ တသ္မာဝေ-** ထိုသို့ ကျေးဇူးကြီးမား မိဘများက သားသမီးတို့၏ ဗြဟ္မာကြီးများ လက်ဦးဆရာများ အာဟုနေယျဂုဏ်ရည်ထိုက်သော ပုဂ္ဂိုလ်များ အိမ်ဦး

နတ်များ ဖြစ်ကြသောကြောင့်သာလျှင်။ **နေ-** ထိုအနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်,ဖခင်တို့ကို။**ပဏ္ဍိတော-** ကြောင်းကျိုးသိမြင် ပညာရှင် သားလိမ္မာ, သမီးလိမ္မာသည်။ **နမဿေယျ-** ဦးညွတ်ရှိကျိုး ရှိခိုးရာ၏။

## မိဘများအား ပြုစုပါ

မြတ်ဗုဒ္ဓသည် မိဘများအား ပြုစုရာနှင့်စပ်၍ ကိုယ်တော်တိုင်ပင် **"သက္ကရေယျ စ ပဏ္ဍိတော"**ဟု ဆက်လက်ဟောတော်မူသည်။ ၎င်းပါဠိကို အပြည့်အစုံ အနက်မြန်မာပြန်ရသော် **ပဏ္ဍိတော**-ကြောင်းကျိုးသိမြင် ပညာရှင် သားလိမ္မာ, သမီးလိမ္မာသည်။ **နေ-** ထိုမိခင်ဖခင်ကျေးဇူးရှင်တို့ကို။ **သက္ကရေယျ**-ကောင်းစွာ ပြုစုလုပ်ကျွေးရာ၏-ဟု သားသမီးတို့က ကျေးဇူးရှင် မိခင်ဖခင်တို့အား ကောင်းမွန်စွာ စေတနာထက်သန်စွာ သဒ္ဓါကြည်ဖြူစွာ ပြုစုလုပ်ကျွေးရမည့်အကြောင်း မိန့်ကြားတော်မူသည်။

# ပြုစုပုံ ပြုစုနည်း

ဆက်လက်၍ ကျေးဇူးရှင် မိခင်ဖခင်တို့အား ပြုစုပုံ ပြုစုနည်းကို

**အန္နေန အထ ပါနေန၊ ဝတ္ထေန သယနေန စ။**
**ဥပဿာဒနေန နှာပနေန ၊ ပါဒါနံ မောဝနေန စ။**
ယင်းပါဠိဂါထာ၏ အနက်မြန်မာပြန်ကား-

**အန္နေန-** သောက်ရေ, အဖျော်ရည်ဖြင့် လည်းကောင်း၊ **ဝတ္ထေန-** အဝတ်အဆင်တန်းဆာ ရတနာဖြင့် လည်းကောင်း၊ **သယနေန စ-** အိပ်ရာနေရာဖြင့်လည်းကောင်း၊ **ဥပဿာဒနေန-** အမွှေးနံ့သာ လိမ်းကျံပေးခြင်းဖြင့်လည်းကောင်း၊ **နှာပနေန-** ရေပူရေအေး ချိုးပေးခြင်းဖြင့်လည်းကောင်း၊ **ပါဒါနံ** လက်,ခြေတို့ကို၊ **မောဝနေန စ-** ဆေးကြောပေးခြင်း ဆေးလိမ်းပေးခြင်း နှိပ်နယ်ပေးခြင်းဖြင့်လည်းကောင်း၊ **သက္ကရေယျ**-ကောင်းစွာ ပြုစုလုပ်ကျွေးရာ၏-ဟု ဟောတော်မူပါသည်။

မြတ်ဗုဒ္ဓသည် ကျေးဇူးရှင် မိဘများအား ပြုစုရာ၌ လောကနည်းအားဖြင့် ပြုစုပုံ,ပြုစုနည်း ခုနှစ်မျိုးကို ဟောတော်မူထားပါသည်။

## တစ်

မိဘများအား ထမင်းဟင်း,မုန့်ခဲဖွယ် စားစရာ အာဟာရအမျိုးမျိုးတို့ဖြင့် ကျွေးမွေးပြုစုရာ၌ ထမင်းဆိုပါစို့၊ အသက်အရွယ်ကြီးသောမိဘတို့နှင့် အဆင်ပြေ

အောင် နူးညံ့သော ကောင်းသောဆန်ကို ချက်ပေးရမည်။ မ,မာစေပဲ ပျော့ပျော့လေး ချက်ပေးရမည်၊ ကျွေးရမည်၊ တစ်ချို့အသက်ရွယ်ကြီးလာသော မျက်မျက်ကလေး စားချင်သောမိဘများအား အသားဟင်း, ငါးဟင်းစသည်တို့ကို အသီးအရွက်တို့နှင့် လိုက်ဖက်အောင် စီစဉ်ဖန်တီးကာ ချက်ပြုတ်ကျွေးမွေးရမည်၊ မိမိက မိဘတို့နှင့် တစ်အိမ်စီ ခွဲနေရသော် မိဘများ ကြိုက်တတ်နှစ်သက်တတ် မြတ်နိုးတတ်သော ထမင်း,ဟင်း,မုန့်စသော စားစရာတို့ကို သွားရောက်ကာ ပေးရ ကျွေးရပါမည်။

## နှစ်

ကျေးဇူးရှင်မိဘများ သောက်ရန် ခေတ်နှင့်အညီ စီစဉ်၍ သောက်ရေသန့် ရေကျက်အေး အဖျော်ရည်စသည်တို့ကိုတိုက်ကျွေးရပါမည်။ **"ရေတစ်ခွက်တောင် ခပ်တိုက်ဖော်မရဘူး"** မဖြစ်ရလေအောင် သား,သမီးကိုယ်တိုင် ရေခွက်ဖြင့်ရေခပ်၍ သောက်ရေတိုက်ပေးရမည်။ သံပုရာရည် လိမ္မော်ရည်စသော သဘာဝသစ်သီးဖျော်ရည်တို့ကိုလည်း တိုက်ပေးရမည်။ လ္ဘက်ခြောက်သန့်သန့် လ္ဘက်ခြောက်ကောင်းကောင်းဖြင့် ရေနွေးကြမ်းစသည်တို့ကိုလည်း စီစဉ်ပေးရမည်။ သားသမီး

ကိုယ်တိုင်ငှဲ့၍ တိုက်ပေးရမည်။

## သုံး

ကျေးဇူးရှင်မိဘများအား အင်္ကျီ, ပုဆိုး, ထမိ စသည်တို့ကို ဝယ်ပေးရမည်၊ ဆင်မြန်းပေးရမည်၊ သန့်သန့် ပြန့်ပြန့်ဖြစ်အောင် လျှော်ဖွတ်ပေးရမည်၊ ဝတ်ဆင်ပေးရမည်၊ ပန်းပန်ပေးခြင်း, စိန် ရွှေ ငွေစသော အဆင်းတန်ဆာ လက်ဝတ်ရတနာတို့ဖြင့် ဆင်မြန်းပေးခြင်းများ ပြုလုပ်ရပါမည်။

## လေး

ကျေးဇူးရှင်မိဘများအား သန့်ပြန့်သော ကောင်းမွန်သော အိပ်ရာခင်း ခြုံစောင် ခြင်ထောင်စသည်တို့ကို ခင်းကျင်းပြင်ဆင်ပေးရမည်၊ ရာသီဥတုနှင့်မျှတအောင် စီစဉ်ပေးရမည်၊ ညအချိန် အေးသောအခါ ချမ်းသောအခါ စောင်လပ်နေလျှင်ဖြစ်စေ, မခြုံရသေးလျှင်ဖြစ်စေ သေချာကျနစွာ ခြုံပေးရမည်၊ ဂရုတစိုက် ပြုစုစောင့်ရှောက်ရပါမည်။

## ငါး

ကျေးဇူးရှင်မိဘများအား သနပ်ခါး ရေမွှေး

စသော အမွှေးနံ့သာတို့ဖြင့် နေ့စဉ်,နေ့စဉ် လိမ်းပေးရပါမည်၊ သန့်ပြန့်အောင် သန့်ရှင်းအောင် စိတ်ကြည်လင်အောင် ရေပတ်တိုက်ပေးသင့်ပါသည်။

## ခြောက်

ကျေးဇူးရှင်မိဘများအား ရေချိုးပေးရပါမည်၊ ရာသီဥတုအေးသောအခါ ချမ်းသောအခါ ရေပူ ရေနွေးရောစပ်၍ ရေနွေးနွေးလေးဖြင့် ရေချိုးပေးရမည်၊ ရာသီဥတု ပူသောအခါ အိုက်သောအခါ ရေးအေးအေးဖြင့် ချိုးပေးရပါမည်။ ရေချိုးပြီးသော် အဝတ်သန့် တဘက်သန့်ဖြင့် ရေပြောင်စင်အောင်သုတ်ပေးခြင်း အဝတ်အစားလဲပေးခြင်းတို့ကိုပါ ပြုလုပ်ပေးရပါမည်။

## ခုနစ်

ကျေးဇူးရှင်မိဘတို့၏ လက်,ခြေတို့ကို ပွတ်တိုက်ဆေးကြောပေးရမည်၊ ဒီခေတ်ကား နိုင်ငံအနှံ့ ကမ္ဘာအနှံ့ လက်ဆေးဖို့ လက်သန့်ရှင်းဖို့ ပညာပေးနေသော ခေတ်ဖြစ်သည်၊ လက်ဆေးလျှင် လက်သန့်လျှင် ရောဂါတော်တော်များများကို ကာကွယ်နိုင်ကြောင်း သိရသည်။ သို့ဖြစ်၍ လက်တို့ကို ဆပ်ပြာဖြင့် သေသေချာချာ ဆေးပေး

ရမည်၊ ခြေထောက်တို့ကိုလည်း ဘရက်ဖြင့် ဖြစ်စေ, အဝတ်ပိုင်းဖြင့်ဖြစ်စေ သေသေချာချာ ပွတ်တိုက်ဆေးကြောပေးရမည်၊ စနိုးတာဝါဖြင့်လည်း ပွတ်တိုက်သန့်ရှင်းပေးရမည်၊ ခေတ်ပေါ် လိမ်းဆေး အမျိုးမျိုးတို့ဖြင့်လည်း လိမ်းပေးရမည်၊ ခြေဖဝါးကို ရွရွလေးနှိပ်နယ်ပေးခြင်း ခြေဆုပ်လက်နယ်ပြုလုပ်ပေးခြင်းစသော အမှုကိစ္စကိုလည်း ပြုလုပ်ပေးရပါမည်။

## ပြုစုနည်းတစ်မျိုး

တနည်းအားဖြင့် ကျေးဇူးရှင်မိဘတို့အား ပြုစုလုပ်ကျွေးနည်းကို အကျဉ်းချုပ်တင်ပြရသော် ဥပမာ-ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် မြတ်စွာဘုရားအား-**အာမိသပူဇာ**-ပန်းရေချမ်း ဆီမီး,အမွှေးတိုင် သစ်သီး ဆွမ်း သင်္ကန်း ကျောင်း ဆေး အစရှိသော ပစ္စည်း အမျိုးမျိုးဖြင့် ပူဇော်ခြင်း၊
**ပဋိပတ္တိပူဇာ**-မြတ်စွာဘုရား ဟောတော်မူထားသည့်အတိုင်း ဒါန သီလ ဘာဝနာ ကုသိုလ်တို့ကို ပြုလုပ်ခြင်း သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို ဖြည့်ကျင့်ခြင်းဟူသော တရားဖြင့် ပူဇော်ခြင်း၊ နှစ်မျိုးတို့ဖြင့် ပူဇော်သကဲ့သို့ ကျေးဇူးဆပ်သကဲ့သို့ သားသမီးတို့သည် ကျေးဇူးရှင်မိဘ

တို့အား-

**အာမိသပူဇာ**-ပြဆိုတင်ပြခဲ့ပြီးသော လောကနည်းအား ဖြင့် ထမင်း, မုန့်ခဲဖွယ် အာဟာရတို့ဖြင့် ကျွေးမွေးပြုစုခြင်း စသော ပြုစုနည်းခုနှစ်မျိုးတို့ဖြင့် ပြုစုနည်း အမျိုးမျိုး တို့ဖြင့် ပြုစုခြင်း၊

**ဓမ္မပူဇာ**-ကျေးဇူးရှင်မိဘတို့ ပြောဆိုဆုံးမ ဩဝါဒပေး သည့်အတိုင်း ပြောပြ,သင်ပြသည့်အတိုင်း လမ်းညွှန် သည့်အတိုင်း မိဘတို့ဖြစ်စေချင်သည့်အတိုင်း လိမ်လိမ် မာမာ လိုက်နာကျင့်သုံးခြင်းစသော တရားဖြင့် ကျေးဇူး ဆပ်ခြင်း၊ နှစ်မျိုးတို့ဖြင့် ကျေးဇူးဆပ်ရပါမည်။

## မိဘပြုစုရကျိုး

**တာယ နံ ပါရိစရိယာယ ၊ မာတာပိတူသု ပဏ္ဍိတာ။**
**ဣဓေဝ နံ ပသံသန္တိ ၊ ပေစ္စသဂ္ဂေ ပမောဒတိ။**

ကျေးဇူးရှင်မိဘတို့အား ပြဆိုခဲ့ပြီးသော ပြုစု လုပ်ကျွေးနည်း အမျိုးမျိုးတို့ဖြင့် ပြုစုလုပ်ကျွေးသော သားလိမ္မာ သမီးလိမ္မာကို ယခုမျက်မှောက်ဘဝ၌ပင် ပညာရှင်အမျိုးသား, အမျိုးသမီးတို့က တော်ပါပေတယ်၊ လိမ္မာပါပေတယ်-ဟု ချီးမွမ်းကြသည်၊ ဂုဏ်ပြုကြသည်၊

ကောင်းသတင်းစကား ပြောကြသည်၊ ကျေးဇူးရှင် မိဘတို့အား ပြုစုလုပ်ကျွေးသောသားလိမ္မာ, သမီးလိမ္မာသည် လူ့ဘဝကို အသက်တမ်းကုန်, ကံကုန်၍ စွန့်ခွာသွားရသော် နတ်ပြည်ရောက်ရခြင်း ပါရမီပြည့်လျှင် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သောနိဗ္ဗာန်သို့ရောက်ရခြင်း အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

**ကျမ်းညွှန်း-**

အင်္ဂုတ္တရပါဠိ (ပထမ)
အင်္ဂုတ္တရအဋ္ဌကထာ (ဒုတိယ)

## မိဘကျေးဇူး

မြတ်ဗုဒ္ဓသည် ၄၅-ဝါ ကာလပတ်လုံး ဝေနေယျသတ္တဝါတို့ကို တရားရေးအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူသည်။ ဟောပြတော်မူသည်။ မြတ်ဗုဒ္ဓ၏ တရားတော်များတွင် မိဘတို့၏ ကျေးဇူးနှင့်စပ်၍ ဟောတော်မူထားသော တရားတော်များလည်း ပါရှိပါသည်။ မြတ်ဗုဒ္ဓသည် အင်္ဂုတ္တိုရ်ပါဠိ ပထမအုပ် သမစိတ္တဝဂ်မှာ မိဘတို့အပေါ် ကျေးဇူးဆပ်နည်းကို ယခုလိုဟောပြတော်မူထားပါသည်။

## သဘောလက္ခဏာ

မြတ်စွာဘုရားက ရဟန်းတော်များအား "ရဟန်းတို့ သူယုတ်တို့၏ သဘောလက္ခဏာ, သူတော်ကောင်းတို့၏သဘောလက္ခဏာကို ငါဘုရားဟောပြတော်မူမည်။ ရိုရိုသေသေ လေးလေးစားစား မှတ်မှတ် သားသား နာယူကြပါ။

ရဟန်းတို့ သူယုတ်မာဟာ ကျေးဇူးကို မသိတတ်ပါ။ ကျေးဇူးကို မဆပ်တတ်ပါ။ သို့ကလို ကျေးဇူးကို မသိတတ်ခြင်း ကျေးဇူးကို မဆပ်ခြင်းတို့ဟာ သူယုတ်မာ၏ သဘောလက္ခဏာများ ဖြစ်ကြပါတယ်။

ရဟန်းတို့ သူတော်ကောင်းဟာ ကျေးဇူးကို သိတတ်ပါတယ်။

ကျေးဇူးကို ဆပ်တတ်ပါတယ်။

သို့ကလို ကျေးဇူးသိတတ်ခြင်း ကျေးဇူးကို ဆပ်ခြင်းတို့ဟာ သူတော်ကောင်းရဲ့ သဘောလက္ခဏာများ ဖြစ်ကြပါတယ်" ဟု မိန့်တော်မူပါသည်။

အို စာရှုသူ ! ကျေးဇူးကိုသိခြင်း စွမ်းနိုင်သမျှ ကျေးဇူးကို ပြန်ဆပ်ခြင်းသည် သူတော်ကောင်း၏ လက္ခဏာဖြစ်သည်ဟု သင်သိခဲ့ရပါသည်။

## ကျေးဇူးကျေအောင် မဆပ်နိုင်ပါ

မြတ်စွာဘုရားက "ကျေးဇူးရှင် မွေးသမိခင် ကျေးဇူးရှင် မွေးသဖခင်တို့၏ ကျေးဇူးကို ဆပ်နိုင်ဖို့ရာ ကျေအောင်ဆပ်ဖို့ရာ မလွယ်ကူပါ" ဟု ဟောတော်မူပါသည်။ ဆိုကြပါစို့ သားသမီးသည် အနှစ်တစ်ရာ သက်တမ်းမှာ နေရသည်။ အနှစ်တစ်ရာ အသက်ရှည်သည်။ အနှစ်တစ်ရာလုံး အမေ့ကို လက်ျာပခုံးပေါ်မှာ တင်ထားကာ ပြုစုလုပ်ကျွေးသည်။ အဖေ့ကို လက်ဝဲပခုံးပေါ်မှာ တင်ထားကာ ပြုစုလုပ်ကျွေးသည်။ စားဖွယ် သောက်ဖွယ်အမျိုးမျိုးတို့ကို ကျွေးမွေးခြင်း အဝတ်အဆင် တန်ဆာ ရတနာတို့ကို ဆင်မြန်းပေးခြင်း ကိစ္စကြီး,ငယ် အသွယ်သွယ်တို့ကို ဆောင်ရွက်ပေးခြင်း ရေပူ ရေအေးချိုးပေးခြင်း အမွှေးနံ့သာလိမ်းပေးခြင်း ခြေဆုပ် လက်နယ်ပြုပေးခြင်း ဝတ်ကြီးအသွယ်တို့ကိုပြုပေးခြင်း စသည်တို့ဖြင့် ပြုစုလုပ်ကျွေးသည်။

သားသမီး၏ ကျောပေါ်မှာပင် အမေအဖေတို့က နောက်ဖေး နောက်ဖီ သွားကြပါမည်။ အခင်းကြီး အခင်းလေး စွန့်ကြပါမည်။ ဆိုခဲ့ပြီးသည့်အတိုင်း အသက်တစ်ရာ တမ်းမှာ အနှစ်တစ်ရာလုံးလုံး အမေအဖေကို ပခုံးပေါ်

တင်ကာ ပြုစုလုပ်ကျွေးပါသော်လည်း မိဘတို့၏ ကျေးဇူးကား မကုန်နိုင်ပါ။ မိခင်ဖခင် ကျေးဇူးရှင်တို့၏ကျေးဇူးကို ကျေအောင်မဆပ်နိုင်ပါ။

အို စာရှုသူ ! မြတ်စွာဘုရားက မိခင်ဖခင် ကျေးဇူးရှင်တို့၏ ကျေးဇူးတရားကြီးမားပုံ ကျေးဇူးဆပ်လို့ မကုန်နိုင်ပုံကို ပေါ်လွင်ထင်ရှားအောင် မိန့်တော်မူခြင်းပါ။ မြတ်စွာဘုရားက မိခင်ဖခင် ကျေးဇူးရှင်တို့၏ ကျေးဇူးတရားကြီးမားပုံ ကျေးဇူးဆပ်လို့ မကုန်နိုင်ပုံကို ယခုလို ဆက်လက်ဟောပြတော်မူသည်။

တိုင်းပြည်အုပ်ချုပ်နေသူ ဘုရင်မင်းမြတ် ဆိုကြပါစို့။ တိုင်းပြည်အုပ်ချုပ်နေသော ဘုရင်မင်းမြတ်သည် မိဘတို့၏ကျေးဇူးကို အထူးသိတတ်သည်။ မိဘကျေးဇူးကို ဆပ်ချင်သည်။ မိဘကျေးဇူးကျေအောင် ရည်မှန်းကာ ကျောက်သံ ပတ္တမြား ရတနာမျိုးစုံတို့ဖြင့် ပြည့်စုံကြွယ်ဝသော မဟာပထဝီမြေကြီးမှာ ကျေးဇူးရှင် မိခင်ဖခင်တို့ကို တိုင်းပြည်အုပ်ချုပ် မင်းလုပ်စေသည်။ မင်းစည်းစိမ် မင်းချမ်းသာဖြင့် မိဘတို့ကိုပူဇော်ကာ ကျေးဇူးဆပ်သည်။

ဆိုခဲ့ပြီးသည့်အတိုင်း ကျေးဇူးရှင် မိခင်ဖခင်တို့ကို တိုင်းပြည်အုပ်ချုပ် မင်းလုပ်စေကာ ကျေးဇူးဆပ်ပါသော်

လည်း မိဘတို့၏ကျေးဇူးကား မကုန်နိုင်ပါ။ မိခင်ဖခင် ကျေးဇူးရှင်တို့၏ကျေးဇူးကို ကုန်အောင်မဆပ်နိုင်ပါ။

ကျေးဇူးကုန်အောင်မဆပ်နိုင်ရခြင်း၏အကြောင်း မှာ---- မိဘတို့သည် သားသမီးတို့အား ရေးဖွဲ့လို့ မရအောင် ပြောပြလို့မရအောင် နှိုင်းဆလို့မရအောင် တိုင်းတာလို့မရအောင် ကျေးဇူးတရား ကြီးမားကြသည်။ သားသမီးတို့ကို ဝမ်းမှာလွယ်ထားစဉ် အချိန်မှစ၍ ဘေး မသီရန်မခအောင်စောင့်ရှောက်ကြသည်။လူလားမြောက် အောင် လူတစ်လုံး သူတစ်လုံးဖြစ်အောင် စောင့်ရှောက် ကြသည်။ နို့ချိုတိုက်ကျွေးခဲ့ကြသည်။ ကျွေးမွေးပြုစုခဲ့ကြ သည်။ ဤလောကကို ပြသခဲ့ကြသည်။

## ကျေးဇူးကျေအောင် ဆပ်နည်း

မြတ်စွာဘုရားက ကျေးဇူးရှင် မိခင်ဖခင်တို့၏ ကျေးဇူးတရားကျေအောင် ကျေးဇူးဆပ်နည်းကို ဟော တော်မူထားပါသည်။

## တစ်

သဒ္ဓါတရားမရှိသော မိဘတွေရှိကြသည်။ ဘုရား တရား သံဃာ ရတနာသုံးပါးကို မကြည်ညိုသော မိဘ

တွေ ရှိကြသည်။ ကုသိုလ်ကံ အကုသိုလ်ကံနှင့် ကုသိုလ်ကံ၏အကျိုး အကုသိုလ်ကံ၏အကျိုးကို မယုံကြည်သော မိဘတွေရှိကြသည်။ ထိုမိဘတွေကို ယုံကြည်ချက်သဒ္ဓါတရားရှိလာအောင် ဘုရား တရား သံဃာ ရတနာမြတ်သုံးဖြာတို့ကို ကြည်ညိုအောင် ကံနှင့်ကံ၏အကျိုးကို ယုံကြည်လာအောင် ဆွဲဆောင်ရပါမည်။ စည်းရုံးရပါမည်။ ဘုရား တရား သံဃာ ရတနာမြတ်သုံးဖြာကို ကိုးကွယ်အောင် ဆည်းကပ်အောင် ပူဇော်အောင် တိုက်တွန်းပေးရပါမည်။ နှိုးဆော်ပေးရပါမည်။

## နှစ်

သီလမရှိသော မိဘတွေရှိကြသည်။ အကျင့်စာရိတ္တ ပျက်ဆီးနေကြသော မိဘများရှိကြသည်။ သီလမရှိသော မိဘတို့ကို သီလရှိလာအောင် ငါးပါးသီလနှင့် မပြည့်စုံကြသော မိဘတို့ကို ငါးပါးသီလနှင့် ပြည့်စုံလာအောင် အကျင့်စာရိတ္တပျက်စီးနေကြသော မိဘတို့ကို အကျင့်စာရိတ္တနှင့်ပြည့်ဝလာအောင် ဆွဲဆောင်ရပါမည်။ စည်းရုံးရပါမည်။ ရှစ်ပါးသီလ ကိုးပါးသီလစသော ဥပုသ်သီလ မစောင့်သုံးကြသော မိဘတို့အား ဥပုသ်သီလစောင့်အောင် ကျောင်း ကန် ဘုရားသို့ သွားရောက်ကာ

အေးအေးချမ်းချမ်း ဥပုသ်သီလစောင့်ထိန်းနိုင်အောင် တိုက်တွန်းရပါမည်။ နှိုးဆော်ရပါမည်။

## သုံး

တချို့မိဘများက နှမြောကြသည်။ ကပ်စေးနဲကြသည်။ လှူဒါန်းမှု ဆွမ်းလောင်းမှု သင်္ကန်းကပ်လှူမှု ဆေးပစ္စည်းလှူဒါန်းမှု စသည်မရှိကြပါ။ အလှူအတန်းနည်းကြသည်။ ထိုမိဘတို့ကို လှူချင်လာအောင် ဆွဲဆောင်ရပါမည်။ "ရော့ အမေ ကိုယ်တိုင်လှူ ရော့ အဖေ ကိုယ်တိုင်လှူ "လို့ပြောကာ လှူစရာပစ္စည်းဝတ္ထု စီစဉ်ပေးရပါမည်။ လှူစရာ ငွေရေးကြေးရေး ပံ့ပိုးပေးရပါမည်။ လှူစရာ သင်္ကန်း ဆွမ်း ဆေးပစ္စည်း စသည်တို့ကို အမေ့လက်ထဲ အဖေ့လက်ထဲ ထည့်ပေးကာ လှူခိုင်းရပါမည်။

## လေး

တချို့မိဘများက လောကီ,လောကုတ္တရာ အသိဉာဏ်ပညာ မရှိကြပါ။ တရားအလုပ်အားထုတ်မှု မရှိကြပါ။ ပုတီးစိပ်မှု မေတ္တာပွားမှု မရှိကြပါ။ ဘာဝနာကမ္မဋ္ဌာန်း မစီးဖြန်းကြပါ။ ထိုမိဘတို့ကို လောကီ လောကုတ္တရာ အသိဉာဏ်ပညာနှင့်ပြည့်စုံအောင် တရားအလုပ် အား

ထုတ်အောင် ဆွဲဆောင်ကြရပါမည်။ ဂုဏ်တော်ပွား
အောင် ပုတီးစိပ်အောင် မေတ္တာပွားများအောင် စည်းရုံး
ကြရပါမည်။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းနိုင်အောင်
တိုက်တွန်းကြရပါမည်။ နှိုးဆော်ကြရပါမည်။ မိဘတွေ
ကျောင်း ကန်ဘုရားသို့ဖြစ်စေ ရိပ်သာသို့ဖြစ်စေ အေး
အေးဆေးဆေး ချမ်းချမ်းသာသာ တရားအလုပ် အား
ထုတ်နိုင်အောင် စီစဉ်ပေးရပါမည်။ လိုက်ပါပို့ဆောင်ပေး
ရပါမည်။

## ကျေးဇူးဆပ်သူအစစ်

တင်ပြခဲ့သည့်အတိုင်း -

သဒ္ဓါတရားမရှိသော မိဘတို့ကို သဒ္ဓါတရားရှိ
အောင်၊

သီလမရှိကြသော မိဘတို့ကို သီလရှိအောင်၊

နှမြောသော မိဘတို့ကို လှူဒါန်းပေးကမ်းအောင်၊

တရားအသိမရှိကြသော မိဘတို့ကို တရားအသိ
ရှိအောင် ဆွဲဆောင်သော စည်းရုံးသော နှိုးဆော်သော
တိုက်တွန်းသော အားပေးသော သားလိမ္မာ သမီးလိမ္မာ
သည် ကျေးဇူးရှင်မိဘတို့၏ ကျေးဇူးတရား ကျေအောင်
ကျေးဇူးဆပ်သူမည်ပါတော့သည်။ ကျေးဇူးရှင်မိဘတို့၏

ကျေးဇူးတရားကျေအောင် ကျေးဇူးဆပ်သူအစစ် ဖြစ်ပါတော့သည်။

အို စာရှုသူ !

သားလိမ္မာ သမီးလိမ္မာဖြစ်သော သင်သည် ကျေးဇူးရှင်မိဘတို့၏ ကျေးဇူးတရားကျေအောင် အထက်ပါတင်ပြခဲ့သည့်အတိုင်း ကျေးဇူးဆပ်ပါ။ အခုတင်ပြမည့်အတိုင်းလည်း ကျေးဇူးဆပ်ပါ-ဟု တိုက်တွန်းပါရစေ။

## "တိုက်တွန်းချက်"

သဒ္ဓါတရားမရှိသော မိဘတို့ကို သဒ္ဓါတရားရှိအောင်၊

သဒ္ဓါတရားရှိသော မိဘတို့ကို ပို၍သဒ္ဓါတရားများ တိုးပွားနေအောင်၊

သီလမရှိသော မိဘတို့ကို သီလရှိအောင်၊

သီလရှိသော မိဘတို့ကို ပို၍သီလတရား တိုးပွားနေအောင်၊

နှမြောသော မိဘတို့ကို လှူဒါန်း ပေးကမ်းအောင်၊

လှူဒါန်းပေးကမ်းသော မိဘတို့ကို ပို၍ လှူဒါန်း ပေးကမ်းဖြစ်အောင်၊

တရားအသိမရှိသော မိဘတို့ကို တရားအသိရှိအောင်၊

တရားအသိရှိကြသောမိဘတို့ကို ပို၍ပို၍ တရားအသိတွေ ရရှိနေအောင်၊ ကျေးဇူးဆပ်ရပါမည်။

## မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် မိဘကျေးဇူးဆပ်တရားဟောကြားတော်မူခြင်း

မြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိမ်နင်း ဖို့ရာ ရေမီးအစုံ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူသည်။ ဘုရားဖြစ်တော်မူပြီးနောက် ခုနစ်ဝါမြောက် ဝါဆိုခါနီးမှာ ပြတော်မူခြင်းပါ။ သာဝတ္ထိပြည် ကောသလမင်း၏ ဥယျာဉ်မှာပါ။ ကဏ္ဍအမည်ရသော ဥယျာဉ်စောင့်က မြတ်စွာဘုရားအား သရက်သီးကို လှူဒါန်းသည်။ အရှင်အာနန္ဒာက သရက်သီးဖျော်ရည်လုပ်ကာ မြတ်စွာဘုရားအား ဆက်ကပ်သည်။ မြတ်စွာဘုရားက ကဏ္ဍဥယျာဉ်စောင့်အား သရက်စေ့ကို စိုက်ပျိုးခိုင်းသည်။ မြတ်စွာဘုရားက စိုက်ပျိုးထားသော သရက်စေ့အပေါ်မှာ လက်ဆေးတော်မူသည်။ မြတ်စွာဘုရားက လက်ဆေးတော်မူလိုက်သည်နှင့်အတောင်ခြောက်ဆယ်

ရှိသော သရက်ပင်ပေါက်လာတော့သည်။

## ဘုရားရှင်တိုင်း တန်ခိုးပြတော်မူရာ

ကဏ္ဍဥယျာဉ်စောင့် စိုက်ပျိုးသည့်အတွက်ကြောင့် " ကဏ္ဍမ္ဗရုက္ခ- ကဏ္ဍသရက်ပင် " ဟု ခေါ်ကြသည်။ " ကဏ္ဍသရက်ပင်"ဟု တွင်သွားတော့သည်။ ဂေါတမနွယ်ဖွား မြတ်စွာဘုရားသည် ကဏ္ဍသရက်ပင ရင်းမှာ ရေမီးအစုံ ရေမီးအစုံ တန်းခိုးပြာဋိဟာကို ပြတော်မူသည်။ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီးကြသောဘုရားတို့သည်လည်း ဤနေရာ ဤဌာနမှာပင် ရေမီးအစုံ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူကြပါသည်။

ထို့ကြောင့် သာဝတ္ထိပြည် ကဏ္ဍဥယျာဉ် စောင့်စိုက်ပျိုးသော သရက်ပင်ရင်းသည် အလုံးစုံသောဘုရားရှင်တိုင်း ကြီးကျယ်ခန်းနားသော ရေမီးအစုံ ရေမီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူရာ နေရာဌာနဖြစ်ပါတော့သည်။ မြတ်စွာဘုရား၏ ရေမီးအစုံ ရေမီးအစုံ တန်ခိုးပြာဋိဟာ ပြတော်မူသောပွဲ၌ တရားတော်ကိုနာယူရသောကြောင့် ကုဋေနှစ်ဆယ်သော လူ နတ်ပြဟ္မာများ သစ္စာလေးပါးတရားကို သိကြရသည်။

## မယ်တော်မိနတ် ကျေးဇူးဆပ်

မြတ်စွာဘုရားသည် ရေမီးအစုံ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးသောအခါ အခုလို ဆင်ခြင်တော်မူသည်။ " ရှေးရှေးဘုရားရှင်များသည် တန်ခိုးပြာဋိဟာကို ပြတော်မူပြီးသောအခါ အဘယ်အရပ် အဘယ်ဒေသမှာ ဝါဆိုတော်မူကြပါသလဲ"ဟု ဆင်ခြင်တော်မူသည်။ "ရှေးရှေးဘုရားရှင်များသည် တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူကြသည်။ မယ်တော်မိနတ်အား (ကျေးဇူးဆပ်သောအားဖြင့် ) အဘိဓမ္မာတရားကို ဟောတော်မူကြသည် " ဟု မြင်တော်မူပါသည်။

ထိုသို့ မြင်တော်မူကြောင့် မြတ်စွာဘုရားသည် ရေမီးအစုံ ရေမီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက် ဝါဆိုလပြည့်နေ့မှာပင် တာဝတိံသာနတ်ပြည်သို့ ခုနစ်ဝါမြောက် ဝါဆိုဖို့ရာ ကြွတော်မူသည်။ ရှေးဘုရား ရှင်တို့၏နည်းတူ မယ်တော်မိနတ်အား (ကျေးဇူးဆပ်သောအားဖြင့်) အဘိဓမ္မတရားကို ဟောကြားတော်မူဖို့ရာပါ။

## ခမည်းတော် သုဒ္ဓေါဒနေ

အို စာရှုသူ ! မြတ်စွာဘုရား၏ မယ်တော်က

မဟာမာယာဒေဝီပါ။ မယ်တော်မာယာသည် မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူပြီးနောက် ခုနစ်ရက်မြောက်မှာ နတ်ရွာစံသွားရသည်။ မယ်တော်မာယာကို ကျေးဇူးဆပ်တရား မဟောဘူးသေးပါ။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုကား မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ပထမဆုံးကြွတော်မူရာအခါမှာပင် မိဘကျေးဇူးဆပ်သောအားဖြင့် တရားဟောတော်မူသည်။

မြတ်စွာဘုရားသည် သုဒ္ဓေါဒနမင်းကြီးအား ပထမဆုံးဟောတော်မူသော တရားတော်မှာ-

**ဥတ္တိဋ္ဌေ န ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ၊**
**ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ၊**

မြတ်သောမင်းကြီး ! အိမ်စဉ်လှည့်လည်ကာ ဆွမ်းခံရသောအကျင့်မှာ မမေ့လျော့ရပါ။ ဆွမ်းခံခြင်းဟူသော အကျင့်ကို ကောင်းစွာဖြည့်ကျင့်ရာရောက်အောင် ဖြည့်ကျင့်ရမှာပါ။ ဆွမ်းခံခြင်းအကျင့်ကို ဖြည့်ကျင့်သော ရဟန်းသာမဏေသည် မျက်မှောက်ဘဝမှာဖြစ်စေ နောင်တမလွန်ဘဝမှာဖြစ်စေ ချမ်းချမ်းသာသာ နေရပါ၏” ဟူသော ဆွမ်းခံရခြင်း၏ အကျိုးပြတရား

တော် ဖြစ်သည်။ ဤဆွမ်းခံရခြင်း၏ အကျိုးပြု တရားတော်အဆုံးမှာ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သောတာပန်တည်သွားပါတော့သည်။

## သကဒါဂါမိမ်ဖြစ်သွား

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား ဒုတိယအကြိမ် ဟောတော်မူသောတရားကို တင်ပြပါဦးမည်။ မြတ်စွာဘုရားသည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား

**"ဓမ္မဥ္စရေ သုစရိတံ ၊ န နံ ဒုစ္စရိတံ စရေ၊**
**ဓမ္မစာရီ သုခံ သေတိ ၊ အသ္မိံ လောကေ ပရမှိစ၊**

မြတ်သောမင်းကြီး ! သုစရိုက်တရား မြတ်ဆယ်ပါးကို ကောင်းစွာပြုကျင့်ရပါမည်။ ဒုစရိုက်တရားးကို မပြုကျင့်ရပါ။ သုစရိုက်တရားမြတ်ဆယ်ပါးကို ပြုကျင့်သောပုဂ္ဂိုလ်သည် မျက်မှောက်ဘဝမှာဖြစ်စေ နောင်တမလွန် ဘဝမှာဖြစ်စေ ချမ်းသာစွာနေရပါ၏" ဟူသော တရားတော်ကို ဟောတော်မူသည်။

## ရဟန္တာဖြစ်သွား

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် ဤတရားတော်၏အဆုံးမှာ သကဒါဂါမိဖိုလ်၌ တည်သွားပါသည်။

သကဒါဂါမိပုဂ္ဂိုလ် ဖြစ်သွားပါသည်။ မြတ်စွာဘုရား၏ မိထွေးတော်မဟာပဇာပတိ ဂေါတမီသည် သောတာပန်ပုဂ္ဂိုလ်ဖြစ်သွားပါသည်။

မြတ်စွာဘုရားသည် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးအား မဟာဓမ္မပါလဇာတ်တော်ကို ဟောတော်မူပါသည်။ ယင်း မဟာဓမ္မပါလဇာတ်တော်၏အဆုံးမှာ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် အနာဂါမိဖိုလ်၌ တည်သွားပါသည်။ အနာဂါမိပုဂ္ဂိုလ်ဖြစ်သွားပါသည်။ နောင်သောအခါ၀ယ် ခမည်းတော်သုဒ္ဓေါဒန မင်းကြီးသည် မြတ်စွာဘုရား၏ တရားတော်ကိုနာယူရ၍ ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားပါသည်။

## ဝါတွင်းသုံးလလုံး သီတင်းသုံး

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး နောက် ခုနစ်ဝါမြောက်မှာ မယ်တော်မာယာကို ကျေးဇူးဆပ်သောအားဖြင့် မယ်တော်မိနတ်ကို အဘိဓမ္မာတရား ဟောကြားတော်မူဖို့ရာ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်မှာ ဝါတွင်းသုံးလလုံး သီးတင်းသုံးတော်မူသည်။

မယ်တော်မိနတ်သည် တုသိတာနတ်ပြည်မှ လာရောက်ကာ မြတ်စွာဘုရား၏ လက်ျာဘက်နားမှာ ထိုင်နေသည်။ မြတ်စွာဘုရားဟောကြားတော်မူသော အဘိဓမ္မာတရားတော်ကို တစ်သောင်းသော စကြာဝဠာမှ လာရောက်ကြသော နတ် ဗြဟ္မာများနှင့်အတူ ရှိသေစွာနာယူသည်။ မြတ်စွာဘုရားသည် မယ်တော်မိနတ်အမှူးရှိသော နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတို့ကို ဟောတော်မူပါသည်။

## မယ်တော်မိနတ် သောတာပန်ဖြစ်

မြတ်စွာဘုရား၏ အဘိဓမ္မာတရားဒေသနာတော် ပြီးဆုံးသောအခါ ကုဋေရှစ်ဆယ်သော နတ် ဗြဟ္မာတို့သည်

၁။ **ဒုက္ခသစ္စာ** - ဆင်းရဲဖြစ်သော အမှန်တရား၊

၂။ **သမုဒယသစ္စာ-** ဆင်းရဲကြောင်းဖြစ်သော အမှန်တရား၊

၃။ **နိရောဓသစ္စာ-** ဆင်းရဲချုပ်ငြိမ်းရာဖြစ်သော အမှန်တရား၊

၄။ **မဂ္ဂသစ္စာ-** ဆင်းရဲချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်အမှန်

တရားဟူသော သစ္စာလေးပါးတရားကို ပဋိဝေဓဉာဏ် အမြင်ဖြင့် ထိုးထွင်းကာ သိမြင်ကြပါသည်။ မြတ်စွာ ဘုရား၏ မယ်တော်မိနတ် (မဟာမာယာ) သည်လည်း သောတာပတ္တိဖိုလ်၌ တည်သွားပါသည်။ သောတာပန် ပုဂ္ဂိုလ်ဖြစ်သွားပါသည်။

အို စာရှုသူ ! ဤနေရာ၌ တင်ပြလိုရင်းမှာ မြတ်စွာ ဘုရားသော်မှ မိဘကျေးဇူးကို သိသောအားဖြင့် မိဘ ကျေးဇူးကိုဆပ်သောအားဖြင့် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးအား ရဟန္တာပုဂ္ဂိုလ်ဖြစ်သည့်အထိ မိဘကျေးဇူး ဆပ်တရားကို ဟောတော်မူကြောင်း၊ တာဝတိံသာနတ် ပြည်သို့ ကြွတော်မူကာ မယ်တော်မာယာ (မယ်တော် မိနတ်)အား သောတာပန်ပုဂ္ဂိုလ်ဖြစ်သည်အထိ မိဘ ကျေးဇူးဆပ် အဘိဓမ္မာတရားတော်ကို ဟောတော်မူ ကြောင်း တရားဖြင့် ကျေးဇူးဆပ်တော်မူကြောင်းကို တင်ပြလိုရင်းပါ။ စာရှုသူကို သိစေလိုရင်းပါ။

## အရှင်သာရိပုတ္တရာ မယ်တော်ကျေးဇူးဆပ်ခြင်း

မြတ်စွာဘုရား၏ တပည့်သာဝကတို့သည်လည်း မိမိ မိမိတို့၏ ကျေးဇူးရှင် မိခင်ဖခင်(မယ်တော် ခမည်း

တော်)တို့ကို အာမိသ,ဓမ္မ နှစ်ဌာနတို့ဖြင့် စွမ်းအားရှိသမျှ ကျေးဇူးဆပ်ကြပါသည်။ မြတ်စွာဘုရား၏ လက်ျာတော်ရံ အဂ္ဂသာဝက(အမြင့်ဆုံး အမြတ်ဆုံး အသာဆုံး တပည့်)ဖြစ်သော အရှင်သာရိပုတ္တရာထေရ်၏ ဓမ္မဖြင့် မိဘကျေးဇူးဆပ်ပုံကို တင်ပြပါဦးမည်။

## စဉ်းစားနေပုံ

တစ်နေ့သောအခါဝယ် အရှင်သာရိပုတ္တရာသည် အခုလိုစဉ်းစားနေမိသည်။ အရှင်သာရိပုတ္တရာ၏ စဉ်းစားပုံမှာ "သာသနာတော်မှာ မြတ်စွာဘုရားရှင်များက ပထမဆုံး ပရိနိဗ္ဗာန် ဝင်စံကြပါသလား၊ သို့မဟုတ် အဂ္ဂသာဝကတွေက ပထမဆုံး ပရိနိဗ္ဗာန်ဝင်စံကြပါသလား" ဟု စဉ်းစားနေမိသည်။

ထိုသို့စဉ်းစားသောအခါ အဂ္ဂသာဝကများက ပထမဆုံး ပရိနိဗ္ဗာန်ဝင်စံကြပုံကို သိရသည်။ မြတ်စွာဘုရား၏ သားတော် ရှင်ရာဟုလာက တာဝတိံသာ နတ်ပြည်မှာ ပရိနိဗ္ဗာန်ပြုတော်မူသည်။ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောတော်မူသောအခါ ပထမဆုံး သောတာပန်တည်သော (အနတ္တလက္ခဏသုတ် တရား

ဒေသနာတော်၏အဆုံးမှာ ရဟန္တာဖြစ်သော) အညာသိ ကောဏ္ဍညထေရ်သည် ဆဒ္ဒန္တအိုင်မှာ ပရိနိဗ္ဗာန်ပြုတော်မူသည်။

## ရဟန္တာတွေချည်းပါ

အရှင်သာရိပုတ္တရာအား ညီတော်သုံးယောက်၊ ညီမသုံးယောက် ရှိသည်။ ညီအစ်ကိုမောင်နှမ ခုနစ်ယောက်လုံး သာသနာဘောင်ဝင်ရောက်ကာ ရဟန်းပြုကြသည်။ ညီအစ်ကိုမောင်နှမခုနစ်ယောက်လုံး ရဟန္တာတွေချည်းပါ။မယ်တော်ကြီးက ဘုရားကို မကိုးကွယ်ပါ။ ထာဝရဗြဟ္မာကို ကိုးကွယ်သည်။အရှင်သာရိပုတ္တရာက မယ်တော်ရူပသာရီ ပုဏ္ဏေးမကြီးကို သတိရနေသည်။

"ငါ့ရဲ့မယ်တော်ကြီးဟာ ခုနစ်ပါးသော ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ မယ်တော်ဖြစ်ပေမဲ့ ဘုရား တရား သံဃာ ရတနာမြတ်သုံးဖြာတို့မှာ မကြည်ညိုပါ။ မယ်တော်ကြီးအား တရားအသိရရှိဖို့ရာ မှီရာအကြောင်းများ ရှိလေသလား၊ မရှိလေသလား"ဟု စဉ်းစားသောအခါ သောတာပတ္တိမဂ်ဖိုလ်ကိုရမည့်အကြောင်း သောတာပန်ဖြစ်မည့် အကြောင်းကို မြင်တော်မူသည်။ "မယ်တော်ကြီးဟာ ငါကိုယ်တိုင် ဟောမှသာ သောတာပန်ဖြစ်မှာ။

အခြားသူဟောလို့ မဖြစ်နိုင်ပါ" ဟု ဆက်လက်ကာ ဆင်ခြင် သိမြင်တော်မူသည်။

## အခုလို ပြောကြလိမ့်မည်

လူတွေက အခုလို ပြောကြလိမ့်မည်။ "သာရိပုတ္တရာထေရ်ဟာ ကျန်တဲ့သူတွေရဲ့သာ မှီခိုရာဖြစ်တာပါ။ မှန်ပါတယ်။ သမစိတ္တသုတ္တန်တရားတော် ဟောပြီးတဲ့အခါ ကုဋေတစ်သိန်းသော နတ်ဗြဟ္မာများ ရဟန္တာဖြစ်ကြတယ်။ သောတာပတ္တိမဂ် သကဒါဂါမိမဂ် အနာဂါမိမဂ်ကိုရကြသော နတ်ဗြဟ္မာတို့ကို ရေတွက်လို့ပင် မရပါ။ အခြားတရားပွဲတွေမှာလည်း များစွာသောပုဂ္ဂိုလ်တွေဟာ သစ္စာလေးပါးတရားကို သိမြင်ကြတယ်။ အရှင်သာရိပုတ္တရာအပေါ်မှာ ကြည်ညိုသောစိတ်ကြောင့် နတ်ပြည်မှာဖြစ်ကြသော ပုဂ္ဂိုလ်တွေကိုက ဆွေတော်ရှစ်သောင်းရှိတာပါ။ အရှင်သာရိပုတ္တရာဟာ အခုတော့ ကိုယ့်မယ်တော်ကြီးရဲ့ မိစ္ဆာအယူကို စွန့်ဖို့ရာ မစွမ်းနိုင်ပါလား"ဟု ပြောကြလိမ့်မည်။

ထို့ကြောင့် အရှင်သာရိပုတ္တရာသည် "မယ်တော်ကြီးကို မိစ္ဆာအယူမှ ချွတ်ဖို့ရာ ဖွားတော်မူရာ တိုက်ခန်းမှာပရိနိဗ္ဗာန်ဝင်စံမယ်"ဟုဆုံးဖြတ်ချက်ချတော်မူသည်။

## ခန္ဓာကိုယ်ဝန်ထုပ်ကြီး

အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုတော့မည့် အကြောင်းကို မြတ်စွာဘုရားကို အခုလို လျှောက်ထား သည်။

**ဣဝိတံ အပ္ပကံ မယှံ၊ ဣတော သတ္တာဟ မစ္စယော။**
**နိက္ခိပေယျာမဟံ ဒေဟံ၊ ဘာရဝေါရောပနံ ယထာ။**

မြတ်စွာဘုရား တပည့်တော်ရဲ့အသက်ဟာ အနည်းငယ်သာ ကျန်ပါတော့တယ်ဘုရား။ ဒီနေ့မှ ခုနစ် ရက်မြောက်တဲ့နေ့မှာ ပရိနိဗ္ဗာန် စံပါမယ်ဘုရား (သေ ရပါမယ်ဘုရား။) ခေါင်းပေါ် ပခုံးပေါ်မှာ တင်ထားတဲ့ လေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ပစ်ချလိုက်ရသလို တပည့် တော်ရဲ့ခန္ဓာကိုယ်ဝန်ထုပ်ကြီးကိုပစ်ချပါတော့မယ်ဘုရား။

## ကြည်ကြည်လင်လင်

အို စာရှုသူ ! အရှင်သာရိပုတ္တရာ၏ ပရိနိဗ္ဗာန်ပြု ခါနီး လျှောက်ထားသောစကားကို ကြည့်ပါ။ ရှုပါ။ ရဟန္တာပုဂ္ဂိုလ်များကား ပရိနိဗ္ဗာန်စံဖို့ (ဝါ)သေဖို့ လျှောက်ထားသည့်အခါ "သေခြင်းတရားသည် သူတို့ အတွက်မှာ ထမင်းစား ရေသောက်ပါ။ ပခုံးပေါ်မှာ (သို့မဟုတ်) ဦးခေါင်းပေါ်မှာ ထမ်းထားရ ရွက်ထား

ရသော လေးလံလှစွာသော ဝန်ထုပ်ဝန်ပိုးကြီးကို ပစ်ချရသလိုပါ”ဟု ဥပမာဖြင့် ပေါ်လွင်ထင်ရှားအောင် ဆိုထားပါသေးသည်။

ထို့ကြောင့် မိမိ မိမိတို့သည်လည်း ခန္ဓာကို ဝန်ထုပ်ဝန်ပိုးကြီးကို ပစ်ချရသောအခါ (ဝါ)သေရသောအခါ အသမုဋ္ဌော ကာလံ ကရောတိ=ဟူသော သီလ၏အကျိုးပြနှင့်အညီ မတွေမဝေ ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း သေနိုင်အောင် ကြိုးစားကြရပါမည်။

## နာဠကရွာ

မြတ်စွာဘုရားက ဘယ်အရပ်မှာ ပရိနိဗ္ဗာန်စံမှာလဲ” ဟု မေးတော်မူသည်။

မြတ်စွာဘုရား ! မဂဓတိုင်း နာဠကရွာ မွေးဖွားရာတိုက်ခန်းမှာ ပရိနိဗ္ဗာန်ပြုပါမည်ဘုရား”ဟု လျှောက်ထားသည်။

(မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံ “ဖွား ပွင့် ဟော စံ” သံဝေဇနီယလေးဌာနသို့ ဘုရားဖူးသွားကြသူတိုင်း နာလန္ဒာတက္ကသိုလ်သို့ ရောက်ကြသည်။ နာလန္ဒာတက္ကသိုလ်ဝင်းကြီးကား အကျယ်ကြီးပါ။ အုဌ်မြစ်တွေကိုက ခမ်းနား ကြီးကျယ်လွန်းလှသည်။ နာလန္ဒာ

တက္ကသိုလ်ဝင်းကြီးကား ဘုရားလက်ထက်တော်က နာဠကရွာနေရာပါ။ ထို့ကြောင့် အရှေ့မြောက်ဒေါင့်မှာ အရှင်သာရိပုတ္တရာမွေးဖွားရာ နေထိုင်ခဲ့ရာ တိုက်အိမ်ကြီးကိုလည်း တွေ့ခဲ့ရပါသည်။)

အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကို ပရိနိဗ္ဗာန်ပြုဖို့ရာ ခွင့်ပန်လျှောက်ထားပြီးသော် မယ်တော်ပုဏ္ဏေးမကြီးနေထိုင်ရာ မာဂဓတိုင်း နာဠကရွာ ဖွားတော်မူရာတိုက်ခန်းသို့ တပည့်ရဟန်းများနှင့်အတူ ကြွတော်မူသည်။ အရှင်သာရိပုတ္တရာအား သွေးအန်သော ရောဂါဝေဒနာဖြစ်သည်။ "တစ်ခွက်ဝင် တခွက်ထွက်" ဖြစ်သည်။ အန်သောသွေးတွေကို ထွေးခံတစ်လုံးဖြင့် ခံလိုက်၊ ထွေးခံတစ်လုံးဖြင့် သွန်လိုက်ပါ။

## နတ် သကြား ဗြဟ္မာ

မယ်တော်ပုဏ္ဏေးမကြီးခမျာ သားတော်ရဲ့ ရောဂါဝေဒနာကို မကြည့်ရက်ပါ။ မိမိရဲ့နေရာတိုက်ခန်းတံခါးကို မှီကာ ရပ်နေသည်။ ညအချိန်ဝယ် လောကပါလနတ်မင်းကြီးလေးပါးတို့ အရှင်သာရိပုတ္တရာကို လာရောက်ကာ ရှိခိုးဦးချကြသည်။ သွေးအံရောဂါဝေဒနာ ခံစားနေရသော အရှင်သာရိပုတ္တရာကို သူနာပြုစုဖို့ လျှောက်

ထားကြသည်။ နတ်မင်းကြီးလေးပါးတို့ကို ပြုစုဖို့ခွင့် မပေးပါ။

ထို့နောက်မှာ သိကြားမင်း လာရောက်ကာ ရှိခိုး ဦးချသည်။ ပြုစုဖို့လျှောက်ထားသည်။ သိကြားမင်းကို လည်း ပြုစုဖို့ ခွင့်မပေးပါ။

ထို့နောက်မှ သုယာမအစရှိသော မဟာဗြဟ္မာ များ လာရောက်ဦးချကြသည်။ ပြုစုဖို့ရာ တောင်းပန် လျှောက်ထားကြသည်။ ဗြဟ္မာများကိုလည်း ပြုစုဖို့ရာ ခွင့်မပေးပါ။

လောကပါလနတ်မင်းကြီးလေးပါး၊ သိကြား၊ ဗြဟ္မာများ ပြန်သွားကြသောအခါ မယ်တော်ကြီးသည် သားတော်အရှင်သာရိပုတ္တရာထံ ရောက်လာသည်။ ညပိုင်းက တွေ့ရသော အံ့ဩဖွယ်ရာ ကိုယ်ရောင်ကိုယ် ဝါ တောက်ပစွာဖြင့် လာရောက်မေးမြန်းကြသော ပုဂ္ဂိုလ်တို့၏ အကြောင်းကို စုံးစမ်းမေးမြန်းသည်။

## ရှင်းလင်းပြောပြ

အရှင်သာရိပုတ္တရာက မယ်တော်ကြီးကို အခုလို ရှင်းပြသည်။ ပထမဆုံး လာသူများက နတ်မင်းကြီး

လေးပါးပါ။ မယ်တော်ကြီး ! နတ်မင်းကြီးလေးပါးတို့ဟာ အရာမ်စောင့် ခြံစောင့်နှင့်တူပါတယ်။ သားတော် တို့ရဲ့ မြတ်စွာဘုရား မယ်တော်ဝမ်းကြာတိုက်မှာ ပဋိသန္ဓေ တည်နေချိန်မှာ သံလျက်လက်စွဲကာ စောင့်ရှောက်ကြ ပါတယ်။ မယ်တော်ကြီး ! သိကြားမင်းကတော့ သပိတ် သင်္ကန်းလှမ်းယူရသောသိမ်းဆည်းရသော ရှင်သာမဏေ နှင့်တူပါတယ်။ သားတို့ရဲ့ မြတ်စွာဘုရား တာဝတိံသာ နတ်ပြည်ကနေ ပြန်ကြွတော်မူလာတဲ့အခါ မြတ်စွာ ဘုရားရဲ့ သပိတ်သင်္ကန်းကိုယူကာ လာခဲ့ရသူပါ။

မယ်တော်ကြီး ! နောက်ဆုံးလာရောက်တဲ့သူက မယ်တော်ကြီးတို့ ဘုရားအဖြစ် ဆရာအဖြစ် ကိုးကွယ်တဲ့ မဟာဗြဟ္မာပါ။ ဗြဟ္မာတွေကတော့ ကလေးထိမ်းတွေပါ။ သားတို့ရဲ့ မြတ်စွာဘုရားအလောင်းတော် ဖွားမြင်တော် မူတဲ့အခါ ဗြဟ္မာမင်းကြီးလေးဦးတို့က ဘုရားအလောင်း တော် မင်းသားကို ရွှေကွန်ယက်ဖြင့် ခံယူကြပါတယ်။” ဟု ရှင်းလင်းပြောပြသည်။

## မယ်တော်ကြီးမှာ ဝမ်းသာရွှင်လန်း

အရှင်သာရိပုတ္တရာ၏ မယ်တော်ကြီးသည် သား

တော်၏အထံသို့ ပြုစုဖို့ရာလာရောက်ကြသော နတ်မင်းကြီးလေးပါး သိကြားမင်း ဗြဟ္မာမင်းတို့ကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်ရသည်။ နတ်မင်းကြီးလေးပါး သိကြားမင်း ဗြဟ္မာမင်းတို့ထက် သားတော်က မြင့်မြတ်သာလွန်ပုံကို သိရသည်။ သားတော်ထက် မြတ်စွာဘုရားက သာလွန်မြင့်မြတ်ပုံ တန်ခိုးအာနုဘော်ကြီးပုံကို သိရတော့သည်။ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြီးပုံကို သိရသောအခါ ဆင်ခြင်စဉ်းစားသော အခါမယ်တော်ကြီးမှာ“ဝမ်းသာပီတိ ဂွမ်းဆီထိပမာ” ကြည်နူးမှု နှစ်သက်မှုပီတိငါးဖြာဖြစ်ပေါ်နေတော့သည်။ ဝမ်းသာရွှင်လန်းနေတော့သည်။

## ဂုဏ်တော်တရား ဟောပြတော်မူ

အရှင်သာရိပုတ္တရာက “ငါ့ရဲ့ မယ်တော်ကြီးဟာ နှစ်သက်လန်းဆန်းနေတယ်။ ဝမ်းသာရွှင်ပျ နေတယ်။ ယခုအချိန်ဟာ တရားဟောသင့်တဲ့အချိန်ပဲ”ဟု ကြံစည်စဉ်းစားမိသည်။ ထို့နောက် မယ်တော်ကြီးကို မြတ်စွာဘုရား၏ဂုဏ်တော်တို့ကို အခုလို ဟောပြသည်။

“မယ်တော်ကြီး ! သားတော်ရဲ့ မြတ်စွာဘုရား

ဖွားမြင်တော်မူရာအခါ မြတ်သောတောထွက်တော်မူရာအခါ ဘုရားဖြစ်တော်မူရာအခါ ဓမ္မစကြာတရားဟောတော်မူရာအခါတို့မှာ တစ်သောင်းသော လောကဓာတ် တုန်လှုပ်ပါတယ်။ မြတ်စွာဘုရားနှင့် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ဝိမုတ္တိဂုဏ် ဝိမုတ္တိဉာဏဒဿနဂုဏ်တော်တို့နှင့် တူသောသူ မရှိပါ။ မြတ်စွာဘုရားဟာ တစ်ထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူပါတယ်"စသည်ဖြင့် အကျယ်ချဲ့ကာ မြတ်စွာဘုရား၏ဂုဏ်တော်တို့နှင့်စပ်သော တရားကို ဟောပြတော်မူပါသည်။

## မယ်တော်ကြီး သောတာပန်တည်

မယ်တော်ပုဏ္ဏေးမကြီးသည် ချစ်သော သားရတနာဖြစ်သော အရှင်သာရိပုတ္တရာ၏ တရားဒေသနာတော်အဆုံးမှာ သောတာပတ္တိဖိုလ်၌ တည်သွားပါတော့သည်။ သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပါတော့သည်။ သောတာပန်ဖြစ်ပြီးသော် အရှင်သာရိပုတ္တရာကို "ချစ်သား ဥပတိဿ ! ဘာကြောင့် ဒီလိုလုပ်ရတာလဲ၊ ဒီလိုကောင်းတဲ့ အမြိုက်နိဗ္ဗာန်တရားကို အရင့်အရင် အချိန်တွေက မပေးခဲ့တာလဲ၊ မဟောခဲ့ မပြောခဲ့တာလဲ"

ဟုပင် အပြစ်တင်နေသေးတော့သည်။

အရှင်သာရိပုတ္တရာသည် "ယခုအခါ ငါဟာ မွေးသမိခင် ကျေးဇူးရှင်မယ်တော် ရူပသာရိပုဏ္ဏေးမကြီးအား မွေးကျေးဇူးကို ပေးဆပ်နိုင်ပေပြီ။ ဒီလောက်ဆိုတော်လောက်ပြီ"ဟု ကြံစည်စဉ်းစားကာ "မယ်တော်ကြီး သွားတော့"လို့ ခွင့်ပြုလိုက်ပါတော့သည်။

အရှင်သာရိပုတ္တရာသည် မယ်တော်ကြီးကို ချေချွတ်တရားဟောပြီး မွေးကျေးဇူးဆပ်ပြီး နောက်နေ့အရုဏ်တက်ချိန်မှာပင် ပရိနိဗ္ဗာန်ပြုသွားပါတော့သည်။

## ကျေးဇူးဆပ်ကြပါစို့

အို စာရှုသူ ! အရှင်သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုခါနီး သွေးအံရောဂါဝေဒနာ ခံစားနေရသော အချိန်မှာပင် မိစ္ဆာဒိဋ္ဌိဖြစ်နေရှာသော မယ်တော်ကြီးကို မွေးကျေးဇူးဆပ်သောအားဖြင့် တရားဖြင့် ကျေးဇူးဆပ်တော်မူပါသည်။ မြတ်စွာဘုရားနှင့် အရှင်သာရိပုတ္တရာ၏ မိဘကျေးဇူးဆပ်ပုံကို အာရုံပြုကာ မိမိမိမိတို့လည်း အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မိခင်ဖခင်တို့၏ ကျေးဇူးကို အာမိသ,ဓမ္မ နှစ်ဌာနဖြင့် ကျေးဇူးဆပ်ကြပါစို့----

**ကျေးမွေးမပျက် ၊ ဆောင်ရွက်စီမံ။**

**မွေးခံထိုက်စေ ၊ လှူမျှဝေ၍။**

**စောင့်လေမျိုးနွယ် ၊ ဝတ်ငါးသွယ်။**

**ကျင့်ဖွယ်သားတို့တာ--**

ဟူသော သားသမီးတို့၏ ကျင့်ဝတ်ငါးပါးနှင့်အညီ ကျေးဇူးဆပ်ကြရပါမည်။ ဘဝတစ်ပါး ပြောင်းသွားကွယ်လွန်လေပြီးသော မိဘတို့ကို "လှူမျှဝေ၍"ဟူသော လင်္ကာအတိုင်း အလှူအတန်းပြုကာ အမျှပေးဝေကြရပါမည်။

ချမ်းသာကြပါစေ
**အရှင်ဣန္ဒကာဘိဝံသ**
မန္တလေးပဌာနတာရုံ

အမှတ် ၂၂၁၁၃
ရက်စွဲ ၁၂.၁၀.၁၁

ကျေးဇူးရှင်မိဘများ သင်ဆရာ, မြင်ဆရာ, ကြားဆရာများ ဦးထိပ်ထားလျက်

ဦးတင်ဝင်းနိုင် + ဒေါ်ချိုချိုမြင့်

# ပြည့်စုံအောင် အော့ဖ်ဆက်

## အဆင့်မြင့်ဖိတ်စာ , ယပ်တောင်

- အလှူ , မင်္ဂလာဆောင် ဖိတ်စာ, ယပ်တောင် အမျိုးမျိုး
- ပြက္ခဒိန်, မဂ္ဂဇင်း, ဂျာနယ်, ဝတ္ထု , ပူဇော်ပွဲစာအုပ်
- ကျမ်းစာအုပ်အမျိုးမျိုးတို့ကို ပစ္စည်းမှန်,ဈေးနှုန်းမှန်ကန်စွာဖြင့်
- ကွန်ပျူတာစာစီ၊ ဒီဇိုင်းဆွဲ၊ ဖလင်ဖောက်၊ စာအုပ်ချုပ်ပြီးသည်အထိ မည်သည့်နေရာမှ သွားစရာမလိုဘဲ တစ်နေရာထဲတွင် အကောင်းဆုံး တာဝန်ယူဆောင်ရွက်ပေးပါသည်။

---

သင်ရဲ့ လိုအပ်ချက်များ "ပြည့်စုံအောင်" မန္တလေးက

ကျွန်တော်တို့ "ပြည့်စုံအောင် အော့ဖ်ဆက်" ကို ကြွခဲ့ပါ။

---

သံဃာတော်များ , ဌာနဆိုင်ရာများ,ဘာသာရေးအသင်းအဖွဲ့အစည်း

ကုမ္ပဏီများအတွက် အထူးဈေးနှုန်းဖြင့် ပိတ်ရက်မရှိ

လက်ခံဆောင်ရွက်ပေးနေပါသည်

ဆိုင်လိပ်စာ

၃၅ လမ်း၊ ၈၈ × ၈၉ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

☎ 09-5557890 ☎ 09-6819369

☎ 02-21840

# မှတ်သားကြပါစို့

ပိုက်ဆံအိတ်ထဲ
အိတ်ထောင်ထဲဝယ်
သိမ်းဆည်းထည့်ထား
မြတ်ဘုရား၏
မှတ်သားဖွယ်ရာ
ကရုဏာရှေ့ထား
ဟောကြားပေစွ
ဩဝါဒကို
ဟဒယအသဲ
စွဲထက်စွဲအောင်
လိုက်နာဆောင်ထား
မှတ်သားကြပါစို့
ပွားများကြပါစို့။

ဒီဇိုင်း + ပုံနှိပ်သူ - ဦးတင်ဝင်းနိုင် ( မြ - ၀၇၂၄၉ )
ပြည့်စုံအောင်အော့ဖ်ဆက်
အမှတ်(A-3)၊မီးရထားတိုက်ခန်း၊၃၅လမ်း၊၈၈ × ၈၉လမ်းကြား ၊ မန္တလေးမြို့။
၀၉ - ၅၅၅၇၈၉၀ ၀၉ - ၆၈၁၉၃၆၉ ၀၂ - ၂၁၈၄၀